ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်၊ စနေနေ့၊ (19-6-2010) (၆၃၃၄)

# နာဂစ်မုန်တိုင်းသင့် ဒေသများ ပြန်လည်ထူထောင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များဆွေးနွေး

နေပြည်တော်  ဇွန်  ၁၈

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့တို့ ပူးပေါင်း၍ တတိယအကြိမ် နာဂစ်မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆွေးနွေးပွဲ (Third Recovery Forum)ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အဆိုပါ ဆွေးနွေးပွဲသို့ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်မြင့်၊ ဦးသူရိန်ဇော်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးတင်ငွေနှင့် ဦးအောင်မျိုးမင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်၏ နာဂစ်မုန်တိုင်းသင့် ဒေသများ ပြန်လည်ထူထောင်ရေး ဆိုင်ရာ အထူးကိုယ်စားလှယ် Dr. William Sabandar၊ ရန်ကုန်မြို့ရှိ **စာမျက်နှာ ၃ ကော်လံ ၁ သို့☆**

**တတိယအကြိမ် နာဂစ်မုန်တိုင်းသင့် ဒေသများ ပြန်လည်ထူထောင်ရေး ဆွေးနွေးပွဲကို နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။** (သတင်းစဉ်)



## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မြန်မာနိုင်ငံအပေါ် စွပ်စွဲပြောကြားလျက်ရှိသည့် နျူကလီးယားအစီအစဉ်များနှင့် စပ်လျဉ်း၍

# IAEA ဆိုင်ရာ မြန်မာကိုယ်စားလှယ် သံအမတ်ကြီး ဦးတင်ဝင်းက IAEA မှ Division of Operations A, Department of Safeguards ၏ ညွှန်ကြားရေးမှူးဖြစ်သူ Mr. Marco Marzo ထံသို့ ပြန်ကြားစာပေးပို့

## နျူကလီးယားဆိုင်ရာလုပ်ငန်းများကို အတိတ်ကာလက လည်းကောင်း၊ ယခုလက်ရှိကာလ၌လည်းကောင်း ဆောင်ရွက်ခဲ့ခြင်း၊ ဆောင်ရွက်နေခြင်း မရှိသကဲ့သို့ အနာဂတ်ကာလတွင်လည်း ဆောင်ရွက်ရန် စီစဉ်ထားခြင်းမရှိ

**နေပြည်တော်  ဇွန်  ၁၈**

မြန်မာနိုင်ငံအပေါ် စွပ်စွဲပြောကြားလျက်ရှိသည့် နျူကလီးယား အစီအစဉ်များနှင့် စပ်လျဉ်း၍ IAEA မှ Division of Operations A, Department of Safeguards ၏ ညွှန်ကြားရေးမှူးဖြစ်သူ Mr. Marco Marzo က IAEA ဆိုင်ရာ မြန်မာကိုယ်စားလှယ်နှင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဝင်းထံသို့ ဇွန် ၁၄ ရက် ရက်စွဲဖြင့် ပေးစာတစ်စောင် ပေးပို့ခဲ့သည်။ အဆိုပါပေးစာတွင် အယ်လ်ဂျာဇီးရား ရုပ်မြင်သံကြားမှ ထုတ်လွှင့်သွားခဲ့သည့် သတင်းမှတ်တမ်းပါအတိုင်း မြန်မာနိုင်ငံတွင် ယူရေနီယမ်သတ္တုအား ပုံစံပြောင်းခြင်း၊ အင်အားကောင်းမွန်အောင် ပြုလုပ်ခြင်း (သို့မဟုတ်) နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်ခြင်း (သို့မဟုတ်) တည်ဆောက်လျက်ရှိခြင်း (သို့မဟုတ်) ယခင်က ဆောက်လုပ်ထားသည့် အစီအစဉ်ရှိခဲ့ခြင်း (သို့မဟုတ်) လာမည့် အနာဂတ်ကာလတွင် ဆောက်လုပ်ရန် စီမံထားခြင်း ရှိ /မရှိ စသည်တို့ကို IAEA သို့ ပြန်ကြားပေးပါရန် ဖော်ပြပါရှိကြောင်း သိရှိရသည်။ **စာမျက်နှာ ၃ ကော်လံ ၃ သို့✳**

☆ ရှေ့ဖုံးမှ

နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးကျော်မြင့်က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ် Mr. Bishow B Parajuli နှင့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ အကြီးတန်းကိုယ်စားလှယ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung တို့က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် ဆွေးနွေးပွဲကို စတင်ကျင်းပရာ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးကျော်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အာဆီယံအတွင်းရေးမှူးချုပ်၏ နာဂစ်မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် Dr. William Sabandar က သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ နာဂစ် မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက နာဂစ်မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သော မူဝါဒများ၊ မဟာဗျူဟာများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ မုန်တိုင်းဒဏ်ခံ အဆောက်အအုံများ၊ မုန်တိုင်းဒဏ်ခံစာသင်ကျောင်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# လုပ်ငန်းညှိနှိုင်းအစည်းအဝေး တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ တက်ရောက်

နေပြည်တော် ဇွန် ၁၈

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၀ ရက် နံနက်ပိုင်းက ပုသိမ်မြို့နယ်ခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လမ်း/တံတားစီမံကိန်းများမှ တာဝန်ရှိသူများတက်ရောက်ကြသည်။**

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီး ရှင်းလင်း တင်ပြကြသည်။ ထို့နောက် တိုင်းမှူးက လုပ်ငန်းလိုအပ်သည်များ မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် တိုင်းမှူးသည် ဇွန် ၁၁ ရက်တွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များပေးအပ်သည့် အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ရရှိသူများအား ဘွဲ့တံဆိပ်နှင့် လက်မှတ်များပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် ပုသိမ်မြို့နယ် ခန်းမ၌ကျင်းပသည့် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး တာဝန်ရှိသူများအား စီမံကိန်း ရည်မှန်းချက် တာဝန်များကို ပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများက စီမံကိန်း ရည်မှန်းချက်တာဝန်များအား ရှင်းလင်းတင်ပြကြကာ တိုင်းမှူးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးသည် မိုးစပါး စုပေါင်းထွန်ယက် စိုက်ပျိုးပွဲသို့ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ မြန်မာနိုင်ငံအပေါ်မှ

အဆိုပါ အကြောင်းကြားစာနှင့် စပ်လျဉ်း၍ မြန်မာသံအမတ်ကြီး ဦးတင်ဝင်းက Mr. Marco Marzo ထံသို့ ယနေ့ရက်စွဲဖြင့် ပြန်ကြားစာပေးပို့ခဲ့သည်။ ယင်းပြန်ကြားစာတွင် မြန်မာနိုင်ငံ၏ နျူကလီးယား စီမံကိန်းနှင့် စပ်လျဉ်းသည့် ပြည်ပသတင်းမီဒီယာများ၏ စွပ်စွဲပြောကြားချက်များသည် အခြေအမြစ်မရှိသည့် မခိုင်လုံသော သတင်းအချက်အလက်များသာဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ယူရေနီယမ် ပြောင်းလဲထုတ်လုပ်မှု၊ ယူရေနီယမ်လောင်စာ အဆင့်မြှင့်သန့်စင်မှု၊ နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်မှု၊ အသုံးပြုလည်ပတ်မှုစသည့် နျူကလီးယားဆိုင်ရာလုပ်ငန်းများကို အတိတ်ကာလကလည်းကောင်း၊ ယခုလက်ရှိကာလ၌လည်းကောင်း ဆောင်ရွက်ခဲ့ခြင်း၊ ဆောင်ရွက်နေခြင်းမရှိသကဲ့သို့ အနာဂတ်ကာလတွင်လည်း ဆောင်ရွက်ရန် စီစဉ်ထားခြင်း မရှိကြောင်း၊ မြန်မာနိုင်ငံသည် နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ် (NPT) အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နျူကလီးယားပစ္စည်းများနှင့် စက်ရုံများအား IAEA ၏ စောင့်ကြည့်အကဲခတ်မှုအောက်တွင် ထားရှိရေးဆိုင်ရာ သဘောတူညီချက် (Safeguards Agreement) နှင့် ၎င်း၏ နောက်ဆက်တွဲတို့ကို ၁၉၉၅ ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ အဆိုပါသဘောတူညီချက်တွင် ပြဋ္ဌာန်းထားသည့်အတိုင်း နျူကလီးယားဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက IAEA သို့ အသိပေး အကြောင်းကြားမည် ဖြစ်ပါသည်ဟု ဖော်ပြပါရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဒို့ကျေးရွာဂျာနယ် အတွဲ(၇) အမှတ်(၁၂)ထွက်ပြီ

**ရန်ကုန် ဇွန် ၁၈**

ဒို့ကျေးရွာဂျာနယ် အတွဲ(၇) အမှတ်(၁၂)ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် လယ်သမားများပြုပြင်ရမည့် စပါးအထွက်တိုးနည်းပညာများ၊ နဂါးမောက်သီးစိုက်ပျိုး တောင်သူများဝင်ငွေတိုး၊ စပါးကောင်းချင်မြေကိုပြင်၊ စိုက်ပျိုးရေးနည်းစနစ်ကောင်းများကျင့်သုံးမှ ဈေးကွက်ရရှိမည်၊ ဝင်ငွေပြည့်လျှံ ဒို့ကွမ်းခြံစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ စီးပွားဖြစ် ဝက်မွေးကြစို့၊ ကြိုတင်ကာကွယ်ထားနိုင်သော ခွာနာလျှာနာရောဂါ၊ ငါးထုတ်လုပ်မှုမြင့်မားရေးအတွက် ငါးမျိုးဗီဇမြင့်တင်ရေး၊ မွေးမြူရေးလုပ်ငန်းများတွင် ရွေးချယ်သင့်သည့်အချက်များစသည့် မွေးမြူရေးဆောင်းပါးများ၊ နာနတ်ချိုချဉ်အသုံးဝင်၊ အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ပါ၊ လူတို့အတွက် ဒို့သွေးစက်ဖြင့် အသက်သခင်သွေးလှူရှင်၊ ပျို့မေတို့၏အလှတစ်ပါး မြန်မာ့သနပ်ခါး၊ ကျန်းမာလိုသလား ငါးကြီးဆီစား၊ အအေးမိဖျားနာ သက်သာပျောက်ကင်းစေရာ၊ ဆေးဖက်ဝင်ပျားရည်စသည့် ကျန်းမာရေးဆောင်းပါးများ၊ အမျိုးသားပညာရည်မြင့်မားရေးဖြင့် အနာဂတ်နိုင်ငံတော်သစ်တည်ဆောက်ကြမည်၊ မအူပင်လေးအိမ်စုရွာသို့ ကျေးရွာစာကြည့်တိုက်များ ခိုင်မာဖွံ့ဖြိုးအောင်ဝိုင်းဝန်းကူညီဖော်ဆောင်ကြမည် စသည့် အသိပညာပေး သုတ၊ ရသဆောင်းပါးများ၊ တာဂျစ်ကစ်စတန်နိုင်ငံအကြောင်း သိကောင်းစရာ၊ အိန္ဒိယနိုင်ငံ မိုးရာသီဆန်စပါးနှင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုမြင့်တက်ဖွယ်ရှိ၊ ၂၀၁၀ တွင် ကမ္ဘာ့ဆန်စပါးထွက်ရှိမှုနှုန်းမြင့်တက်မည်ဟု FAO ခန့်မှန်း၊ စင်ကာပူနိုင်ငံသားတို့၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးဘက်ပညာရှင်များ ပိုမိုလိုအပ်လျက်ရှိ၊ ကမ္ဘာ့အစိမ်းရောင်စီးပွားရေးအောင်မြင်ရန် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အကူအညီလိုအပ် စသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် ပရိသတ်တွေ ပျော်ရွှင်ကြည်နူးစေဖို့ အနုပညာနဲ့ဖျော်ဖြေပေးနေတဲ့ အကယ်ဒမီ ခင်သီတာထွန်းနှင့်တွေ့ဆုံခြင်းစသည့် အနုပညာသတင်းများ၊ မြွေဖမ်းလို့ပေးခဲ့ပါ့မယ် ဝတ္ထုတိုတို့ အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာဖော်ပြထားသည်။

**ဝယ်ယူနိုင်**

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ်-၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ဆက်သွယ်ပေးပို့နိုင်ကြောင်းသိရှိရသည်။

(သတင်းစဉ်)



# ဧရာဝတီလမ်းကွန်ရက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၈**

ဧရာဝတီလမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၇ ရက် နံနက် ၉ နာရီတွင် ဧရာဝတီတိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဖျာပုံခရိုင်အင်ဂျင်နီယာမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်ရမည့် အပြီးသတ်လုပ်ငန်းများ၊ တံတားလုပ်ငန်းများ၊ ငွေစာရင်းရှင်းတမ်းများ ပြီးပြတ်အောင် ဆောင်ရွက်ရန်ရှိသည်များကို မှာကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော စီမံကိန်း အင်ဂျင်နီယာမှူးကြီးနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးများက မိမိတို့ဆောင်ရွက်လျက်ရှိသော လမ်းပိုင်းအလိုက် လမ်းလုပ်ငန်း၊ တံတားလုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ဧရာဝတီတိုင်း အင်ဂျင်နီယာမှူးကြီး ဦးကျော်ကျော်နှင့် အင်ဂျင်နီယာချုပ် ဦးစိုးတင့်တို့က ဖြည့်စွက်ဆွေးနွေးကြကာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အမှာစကား ပြောကြား**

**ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း ဧရာဝတီလမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းလုပ်ငန်း ညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။** (ဆောက်လုပ်ရေး)

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၈**

၂၀၁၀ ခုနှစ် ဇွန် ၂၆ရက်တွင် ကျရောက်မည့် (၁၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဇွန် ၅ ရက်တွင် မော်လမြိုင်မြို့နယ် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည်၊ အတွင်းရေးမှူး ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဟန်ထွန်းနှင့်အဖွဲ့ဝင်များ၊ လက်ထောက် ပြည်နယ်ပညာရေးမှူး ဦးမျိုးတင့်၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မွန်ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဝင်များ၊ မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ဆရာမများက ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် ပြည်နယ် အခြေခံပညာကျောင်းများမှ ပန်းချီပြိုင်ပွဲသို့ ငါးဦး၊ ကာတွန်းပြိုင်ပွဲသို့ ၂၀၊ ပိုစတာပြိုင်ပွဲသို့ ၂၇ ဦးနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲသို့ ရှစ်ဦး စုစုပေါင်း ၆၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်လူသစ်**
**ဘဝသစ်**

# မော်လမြိုင်မြို့နယ်ရှိ အခွန်ကြွေးကျန် လုပ်ငန်းရှင်များအား ရှင်းလင်းအသိပေး

**ရန်ကုန် ဇွန် ၁၈**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ အခွန်ကြွေးကျန် လုပ်ငန်းရှင်များထံမှ အခွန်ကြွေးကျန်ငွေများ ကောက်ခံရရှိရေးနှင့် ဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အစီအစဉ်များ ရှင်းလင်းအသိပေးခြင်းကို ဇွန် ၁၅ ရက်တွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမ၌ကျင်းပရာ သဘာပတိ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ် ပြည်တွင်း အခွန်များဦးစီးဌာနမှူး ဦးအေးကြူက အခွန်ကြွေးကျန်ငွေများ ကောက်ခံရရှိရေးနှင့် အရေးယူဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

# စဉ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## ဝန်ထမ်း သား၊ သမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

**နေပြည်တော် ဇွန် ၁၈**

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ဝန်ထမ်းသား၊ သမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူနှင့် ဇနီး ဒေါ်နန်းစန်းလှိုင်၊ မြို့နယ်ဒုတိယဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ တက်ရောက်ကြသည်။



ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့က တက္ကသိုလ်ဝင်တန်းအောင် သုံးဦးအား ဂုဏ်ပြုဆုငွေ ကျပ် ၄၅၀၀၀နှင့် ဝန်ထမ်းသား၊ သမီး ၆၆ ဦးတို့အား ထောက်ပံ့ငွေ ကျပ် ၃၉၇၀၀၀ တို့ကို တစ်ဦးချင်း ပေးအပ်ခဲ့ကြောင်းသိရသည်။

**(ဝဲပုံ)** (ကြေးမုံ)

## ကမ္ဘာ့ဖလားဘောလုံးပွဲကြည့်သူ နှစ်ဦးကို ဆိုမာလီစစ်သွေးကြွများ သတ်ဖြတ်

မိုဂါဒစ်ရှူး ဇွန် ၁၈

**ဆိုမာလီနိုင်ငံတွင် ကမ္ဘာ့ဖလားဘောလုံးပွဲကြည့်နေသူနှစ်ဦးကို စစ်သွေးကြွများက ဇွန် ၁၄ရက်တွင် သတ်ပစ်ခဲ့ပြီး ယင်းကဲ့သို့ ရုပ်မြင်သံကြားမှ ပြသနေခြင်းကို ကြည့်သူတို့အား ကြိမ်တုတ်ဖြင့်ရိုက်မည်ဟု ခြိမ်းခြောက်လျက်ရှိသည်။**

ကင်းလှည့်ရှာဖွေ

**ဘောလုံးပွဲပြနေသောအချိန်အတွင်းမှာ စစ်သွေးကြွများသည် ၎င်းတို့ထိန်းချုပ်သော နယ်မြေအတွင်း၌ ဘောလုံးပွဲကို လျှို့ဝှက်စွာကြည့်နေသူတို့အား ကင်းလှည့်ကာရှာဖွေကြောင်း သတင်းဌာနများက ဖော်ပြသည်။**

ဖမ်းဆီး

**ဇွန် ၁၃ ရက်ညက ၎င်းတို့၏နေအိမ်တွင် ဘောလုံးပွဲကြည့်နေသောသူ နှစ်ယောက်ကို စစ်သွေးကြွများက ပစ်သတ်လိုက်ကြသည်။ အခြားဖြစ်စဉ်တစ်ရပ်မှာ နိုင်ဂျီးရီးယားနှင့် အာဂျင်တီးနားပွဲကိုကြည့်နေကြသော ၁၀ ဦးကိုလည်း ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။**

**သတင်းများအရ အစိုးရထိန်းချုပ်သောနယ်မြေအတွင်း၌ ရုပ်မြင်သံကြားမှ ပြသနေသော ဘောလုံးပွဲများကို ကြည့်နိုင်ကြသည်ဟု ဆိုသည်။**

ဆော်ဩလျက်ရှိ

**သို့သော် အယ်လ်ခိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသည်ဟုယူဆရသော စစ်သွေးကြွများက ဆိုမာလီပြည်သူတို့အား ၎င်းတို့၏ တားမြစ်ပိတ်ပင်မှုကို လေးစားလိုက်နာရန် ဆော်ဩလျက်ရှိသည်။**

အချိန်နှင့်ငွေဖြုန်း

**ဆိုမာလီလူငယ်အားလုံးကို ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို မကြည့်ရန် သတိပေးလျက်ရှိကြောင်း၊ ဤသို့ ကြည့်ခြင်းသည် အချိန်နှင့်ငွေ ဖြုန်းတီးခြင်းသာ ဖြစ်ကြောင်း၊ မည်သည့်အကျိုးကျေးဇူး၊ မည်သည့်အတွေ့အကြုံမျှ မရရှိကြောင်း ပစ်(ဇ်)ဘူလ်အစ္စလာမ်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ရှိတ်မိုဟာမက်အက်ဒီအရို(စ်)က ပြောသည်။**

***အမ်အင်အေ၊ရိုက်တာ။***

**ရုရှားနိုင်ငံ ငှားရမ်းထားသော ကာဇက်စတန်ဒေသဘိုင်ကိုနော့ အာကာသ စခန်းမှ ဆိုယုဇ် တီအမ်အေ-၁၉ အာကာသယာဉ်အား နိုင်ငံတကာ အာကာသ စခန်းသို့ ဇွန် ၁၆ ရက်က လွှတ်တင်စဉ်။**

*[အဆိုပါအာကာသယာဉ်သည် အာကာသယာဉ်မှူးသုံးဦးကိုသယ်ဆောင်ကာ ဒေသစံတော်ချိန် နံနက် ၂ နာရီ ၂၅ မိနစ်၌ နိုင်ငံတကာ အာကာသစခန်း (အိုင်အက်စ်အက်စ်)နှင့် ချိတ်ဆက်ခဲ့သည်။]* *(ဓာတ်ပုံ-အင်တာနက်)*



## အီရတ်ရှိ အယ်လ်ရှာဝါပြည်သူ့စစ်အဖွဲ့ဝင်ဟောင်း မိသားစုနှင့်အတူ အသတ်ခံရ

ဘဂ္ဂဒက် ဇွန် ၁၈

**အကြမ်းဖက်အဖွဲ့အစည်းများကို ခုခံတိုက်ခိုက်နေသော အဖွဲ့များအား အကြမ်းဖက်တိုက်ခိုက်မှု ပိုမိုတိုးမြှင့်လျက်ရှိရာ အီရတ်နိုင်ငံ၌ အယ်လ်ရှာဝါ ပြည်သူ့စစ် အဖွဲ့ဝင်ဟောင်းတစ်ဦးနှင့်အတူ ၎င်း၏ မိသားစုဝင် လေးဦးအား စစ်သွေးကြွများက သတ်ဖြတ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။**

ဘဂ္ဂဒက်မြို့အနောက်ဘက်ရှိ ဖော်လူဂျာမြို့ပြင်တွင် ဖိုင်းလက်ဟုခေါ်သော ကျေးရွာနေ ကူဒဲယားဟာမက်ဆွတ်၏ နေအိမ်ကို အမည်မသိသေနတ်သမားများက ဝိုင်းထားပြီး တစ်နာရီကြာမျှ တိုက်ပွဲ ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့ ရဲအရာရှိ၏ ပြောကြားချက်ကို အေအက်ဖ်ပီသတင်းဌာနကဖော်ပြသည်။

ဤတိုက်ခိုက်မှုကို ဆွတ်အစ်ကို၏ နေအိမ်တွင် ဖြစ်ပွားခဲ့ပြီး အမျိုးသမီးကြီး သုံးဦး၊ ကလေးတစ်ဦးလည်း သေဆုံးခဲ့ကြောင်း ဆေးရုံဝန်ထမ်းများက အတည်ပြု ပြောကြားသည်။

၂၀၀၃ ခုနှစ် အီရတ်နိုင်ငံကို အမေရိကန် ဦးဆောင်၍ ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် စစ်သွေးကြွများကို တိုက်ခိုက်ရာတွင် အဓိက အခန်းမှပါဝင်ခဲ့ကြသော ရှာဝါပြည်သူ့ စစ်အဖွဲ့ဝင်များကို ပစ်မှတ်ထား၍ အကြမ်းဖက်သမားများက တိုက်ခိုက်လာခဲ့ကြသည်မှာ တစ်ပတ်အတွင်း စတုတ္ထအကြိမ်မြောက်ဖြစ်သည်။

**ရှုမြင်ထား**

အီရတ်နိုင်ငံ၏ သားကောင်းများဟု သိကြသော ဆွန်နီမွတ်ဆလင် မျိုးနွယ်စုဝင်များအုပ်စုနှင့် စစ်သွေးကြွဟောင်းများကို အယ်လ်ခိုင်ဒါနှင့် ဆက်သွယ်မှုရှိသော အစွန်းရောက်သမားများက သစ္စာဖောက်များဟု ရှုမြင်ထားကြသည်။

***အမ်အင်အေ၊ရိုက်တာ။***

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း၌ လုံခြုံရေးစောင့်ကြပ်နေသော အယ်လ်ရှာဝါပြည်သူ့စစ်တပ်ဖွဲ့ဝင်အား တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*




## မက္ကဆီကိုတွင် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်သူ ခုနစ်ဦးကို ဖမ်းဆီးရမိ

**မက္ကဆီကိုစီးတီး ဇွန် ၁၈**

မက္ကဆီကိုနိုင်ငံမှ ဗဟိုအစိုးရနှင့် သက်ဆိုင်သော ရဲတပ်ဖွဲ့က မက္ကဆီကိုစီးတီးမှ ထိပ်တန်းမူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချသူ အီးနယ်လ်ကော်တီးစ် ဂျီမီနက်ဇ်နှင့် အပေါင်းပါခြောက်ဦးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ထိုကိစ္စနှင့် ပတ်သက်၍ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ရဲတပ်ဖွဲ့အကြီးအကဲရာမွန်ဘက်ဒူရာဒိုပီကွီနိုက ဖမ်းဆီးရမိသော မူးယစ်ဆေးဝါး ရောင်းဝယ်သူများသည် မူးယစ်မှောင်ခိုအက်ဂါဗယ်လ်ဒီးစ်ဗီလ်လောရယ်ထံတွင် အလုပ်လုပ်နေသူများဖြစ်ကြောင်း ၎င်း၏ နာမည်ပွားတစ်ခုမှာ လာဘာဘီဟု ခေါ်ဆိုကြောင်း ပြောကြားသည်။

ဗယ်လ်ဒီးစ်သည် အသက် ၃၆ နှစ်ခန့်ရှိပြီး မက္ကဆီကိုနိုင်ငံရဲတပ်ဖွဲ့က အလိုရှိသူလူတစ်ဦးဖြစ်သည်။ ၎င်းအား ဖမ်းဆီးမိပါက အမေရိကန်ဒေါ်လာ နှစ်သန်းဆုငွေပေးမည်ဟု အမေရိကန်အာဏာပိုင်များက ကမ်းလှမ်းထားသည်ဟု သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် အလုံပိတ်မော်တော်ယာဉ် မြစ်အတွင်းထိုးကျ ရှစ်ဦးသေဆုံး

**ချန်ဒူး ဇွန် ၁၈**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် ကြာသပတေးနေ့က အလုံပိတ်မော်တော်ယာဉ်တစ်စီး မြစ်အတွင်းသို့ ထိုးကျခြင်းကြောင့် လူရှစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာပြင်းထန်စွာ ရရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက သောကြာနေ့တွင် ပြောကြားသည်။

ယင်းအလုံပိတ်မော်တော်ယာဉ်ပေါ်တွင် လူ ၁၀ ဦးစီးနင်းလိုက်ပါလာကြောင်း၊ ဒါအိုချန်းခရိုင်၊ ဂါဇီတိဗက်ရင်စုနယ်တိုင်ဘီတန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ချီတူမြစ်အတွင်းသို့ ကြာသပတေးနေ့ နံနက် ၉ နာရီ ၅၂ မိနစ်က ထိုးကျသွားခြင်းဖြစ်ကြောင်း ဂါဇီတိဗက်ရင်စုနယ်မှ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

ကားပေါ်ရှိလူ ၁၀ ဦးအနက် ရှစ်ဦးမှာ နေရာတွင်ပွဲချင်းပြီးသေဆုံး၍ နှစ်ဦးမှာ ဆေးရုံ၌ ကုသမှုခံယူလျက်ရှိကြောင်း၊ ၎င်းတို့၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်၍ နောက်ထပ် သတင်းမရရှိသေးကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

အဆိုပါ ကားမတော်တဆမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## ကိုလံဘီယာတွင် ကျောက်မီးသွေးတွင်းပေါက်ကွဲ၊ လူ ၂၀ သေဆုံး

**ဆန်ဖာနန်ဒို(ကိုလံဘီယာ) ဇွန် ၁၈**

ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်းတွင် ကြာသပတေးနေ့က ကျောက်မီးသွေးတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားရာ လူ ၂၀ သေဆုံး၍ ၅၀ ခန့် ပိတ်မိနေကြောင်း သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ်များက ပြောကြားသည်။

ကျောက်မီးသွေးတွင်းအတွင်း ပိတ်မိနေသူများအား ရှာဖွေရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ၎င်းအလုပ်သမားများကို အသက်ရှင်လျက်ကယ်ဆယ်နိုင်ရေးမှာ အလွန်မျှော်လင့်ချက် နည်းပါးကြောင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဌာနမှ ညွှန်ကြားရေးမှူး လုဇ်အမန်ဒါပူလီဒိုက ပြောကြားသည်။

ကိုလံဘီယာနိုင်ငံ မြို့တော်ဘိုဂိုတာ၏ အနောက်မြောက်ဘက်မှ ကီလိုမီတာ ၂၄၀ ကွာဝေးသော အန်တီယိုကွီယာပြည်နယ် အနောက်မြောက်ဘက်ရှိ အမာဂါမြို့ ကျောက်မီးသွေးတွင်း၌ ကြာသပတေးနေ့က ပေါက်ကွဲမှုဖြစ်ပွားရာ ကျောက်မီးသွေးတွင်း၏ဝင်ပေါက်မှ ထွက်လာသော မီးခိုးလုံးများကို မြင်ကြရပြီး ပေါက်ကွဲမှုကြောင့် ဓာတ်ငွေ့များလုံး၍ ထွက်လာခြင်းကြောင့် ကယ်ဆယ်ရေးလုပ်ငန်း လုပ်ကိုင်ရေး၌ မလွယ်ကူဟုဆိုသည်။

မီတာ ၁၅၀၀ နက်သော ယင်းကျောက်မီးသွေးတွင်းအတွင်း အလုပ်သမားများ တာဝန်ချိန်ပြောင်း၍ထမ်းဆောင်နေချိန်၌ ပေါက်ကွဲခြင်းဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

**ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်း အမာဂါမြို့အနီး ကျောက်မီးသွေးတွင်း ပြင်းထန်စွာ ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ၌ ကယ်ဆယ်ရေးအဖွဲ့များအား တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*





## အိုကလာဟိုးမားတွင် ရေလွှမ်းမိုးမှုများကြောင့် အရေးပေါ်အခြေအနေကြေညာ

**ဟောက်စတန် ဇွန် ၁၈**

အမေရိကန်ပြည်ထောင်စု အိုကလာဟိုးမားပြည်နယ်တွင် ခရိုင်ပေါင်း ၅၉ ခရိုင်၌ မိုးသက်မုန်တိုင်းများ ဆိုးရွားစွာကျရောက်နေပြီး ရေလွှမ်းမိုးမှုဒဏ်ကို ခံစားနေရ၍ အစိုးရက အရေးပေါ် အခြေအနေတစ်ရပ်ကို ကြေညာထားကြောင်း သတင်းတွင်ဖော်ပြသည်။

**ခံစားနေရ**

အိုကလာဟိုးမားပြည်နယ်အလယ်ပိုင်းတွင် ရေလွှမ်းမိုးမှုဒဏ်ကို ဆက်လက်ခံစားနေရကြောင်း သတင်းတွင်ပါရှိသည်။

ရေလွှမ်းမိုးမှုကြောင့် လူ ၁၃၆ ဦး ဒဏ်ရာရရှိသွားကြောင်း၊ သို့ရာတွင် ဆေးရုံတင်၍ ကုသရန်မလိုကြောင်း နိုင်ငံတော်ကျန်းမာရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ယင်းဒေသရှိ လမ်းများပေါ်တွင် ကားများရေလွှမ်းနေပြီး ဒေသခံထောင်ချီ၍ လျှပ်စစ်မီးမရရှိကြောင်း၊ အချို့ဒေသများတွင် မိုးရေချိန် ၁၀လက်မခန့်ထိ တက်လာနိုင်ကြောင်း ပြောကြားသည်။

ရေလွှမ်းမိုးမှုကြောင့်ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များတွင် ပါဝင်သည့် မြွေများ၊ အင်းဆက်ပိုးမွှားများ၊ ချွန်ထက်သော အရာများ၊ မိလ္လာအညစ်အကြေးများ၊ အဆီများ၊ ဓာတ်ဆီများကို သတိထား ရှောင်ရှားကြရန် ဒေသခံများအား သက်ဆိုင်ရာမှ သတိပေးထားသည်ဟုသိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# အားကစားဝန်ကြီးဌာန ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

နေပြည်တော်  ဇွန်  ၁၈

**အားကစားဝန်ကြီးဌာန ဝန်ကြီးနှင့် ဝန်ကြီးရုံး၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ တွေ့ဆုံပွဲနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်း နေပြည်တော်၌ ပညာသင်ကြားလျက်ရှိသည့် ဝန်ထမ်းသား၊ သမီး ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် တက်ရောက်၍ ဝန်ထမ်းများအနေဖြင့် မိမိ လုပ်ငန်းခွင်နှင့် နေအိမ်များတွင် စည်းကမ်းတကျ လုပ်ကိုင်နေထိုင်သွားလာရေး၊ မြေပိုမြေလွတ်များတွင် ပန်းအလှပင်၊ အရိပ်ရပင်နှင့် သီးပင်စားပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြရေး၊ စက်သုံးဆီ၊ လျှပ်စစ်မီး၊ ရေနှင့် တယ်လီဖုန်း စသည်တို့ကို ခြိုးခြံချွေတာ သုံးစွဲကြရေးနှင့် လုံခြုံရေးသတိ အမြဲရှိကြရေးတို့ကို မှာကြားသည်။**

**ဆုကြေးငွေပေးအပ်ချီးမြှင့်**

ထို့နောက် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာတာဝန်ခံအရာရှိများက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ဝန်ကြီးက တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ နိဂုံးချုပ် အမှာစကားပြောကြား၍ ဝန်ထမ်းအိမ်ရာများအလိုက် သစ်ပင်စိုက်ပျိုးထားရှိမှု ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ဝန်ထမ်းများအား ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီးသည် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်း နေပြည်တော်၌ ပညာသင်ကြားလျက်ရှိကြသည့် ဝန်ထမ်းသား၊ သမီး ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ဝန်ထမ်းသား၊ သမီး ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံ၊ ကျောင်းသုံး ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။**

(သတင်းစဉ်)



# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန်  ဇွန်  ၁၈**

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၄ ရက် ညနေပိုင်းတွင် ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဗိုလ်ချုပ်ဟံစိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြပြီး ပြိုင်ပွဲဝင်အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၉-၆-၂၀၁၀ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၁၀ | ၃။ | ဓမ္မပူဇာတေး |
| ၇း၂၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၅။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ | ပြီးပါပြီ။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၁း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၁း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၁း၂၀ | ၄။ | **ကာတွန်းအစီအစဉ် - အမြွာစုံထောက် (အပိုင်း-၁၃)** |
| ၁၂း၀၀ | ၅။ | **ရုပ်မြင်သံကြားဇာတ်လမ်း - အိုင်းစတိုင်းနှင့် မာနမင်းသမီး (ဟိန်းဝေယံ၊ ဆုပန်ထွာ) (ဒါရိုက်တာ-မောင်ချစ်စမ်း)** |
| ၁း၃၀ | ၆။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၂း၀၀ | ၇။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၄၄)** |
| ၂း၅၅ | ၈။ | အပိတ်နှုတ်ဆက်စကား |
| ၃း၀၀ | ၉။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄း၁၅ | ၄။ | မြတ်နိုးကြစေ အမျိုးသားအမွေ |
| ၄း၄၅ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၀၀ | ၇။ | တိုင်းကျိုးပြည်ပြု တည်ထောင်မှု |
| ၅း၂၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၄၀ | ၉။ | ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၂၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၂။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၆း၃၀ | ၁၃။ | စားဖိုဆောင်ချစ်သူ |
| ၆း၄၅ | ၁၄။ | ထူးခြားဆန်းပြားကမ္ဘာတစ်လွှား |
| ၇း၀၀ | ၁၅။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့ သူ့ရဲကောင်း (အပိုင်း-၂၂)** |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်း |
| | ၁၈။ | မိုးလေဝသသတင်း |
| | ၁၉။ | အမျိုးသားရေးတေးကဗျာ |
| | ၂၀။ | လူ့ရွှင်တော်စတား |
| | ၂၁။ | အင်္ဂလိပ်စာသုတ |
| | ၂၂။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၃။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း (အပိုင်း-၅၆)** |
| | ၂၄။ | **လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၂)** |
| | ၂၅။ | သင့်အတွက်မနက်ဖြန် |
| | ၂၆။ | အပိတ်နှုတ်ဆက်စကား |
| | ၂၇။ | ပြီးပါပြီ။ |

## ပေးအပ်လှူဒါန်း

**ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရွှေဥဒေါင်းလမ်း သုခဝတီဆန်စက်နေ ဒေါ်ညွန့်ရီ (၇၈) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် လေးထပ်ဘိုးဘွားဆောင် အဆောက်အအုံသစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)



# အမျိုးသမီးဆရာဝန်များအဖွဲ့ အသိပညာပေးဟောပြော

**ရန်ကုန်  ဇွန်  ၁၈**

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့၏ ကျန်းမာသော လူမှုဘဝ နေထိုင်မှုပုံစံအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၁၂ ရက် မွန်းလွဲ ၂ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းတိုက်ခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါက်တာ ကျော်မြင့်နိုင် တက်ရောက်အမှာစကား ပြောကြားသည်။ **(အောက်ယာပုံ)**

ဟောပြောပွဲသို့ မြန်မာနိုင်ငံဆရာဝန်အသင်း (အမျိုးသမီးဆရာဝန်များအဖွဲ့) အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ စိတ်ဝင်စားသူများ ၂၀၀ ကျော် တက်ရောက်ကြသည်။ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာ သန်းသန်းဌေး၊ အရေပြားအထူးကု ဆရာဝန်ကြီး ဒေါက်တာ မြစန္ဒာခိုင်၊ ကျန်းမာရေးပညာဌာန အငြိမ်းစား ညွှန်ကြားရေးမှူး ဒေါက်တာ ခင်သန်းဦးတို့က ကျန်းမာသော လူမှုဘဝတွင် နေထိုင်နိုင်ရန်၊ ရှောင်ရန် ဆောင်ရန် ဆေးပညာပိုင်းဆိုင်ရာအကြောင်းများကို ရုပ်ပြဆလိုက်ထိုး ပြသပြီး ဟောပြောကာ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသွားသည်။ အမျိုးသမီးဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ခင်မာအေးက ကျေးဇူးတင်စကားပြောကြားကြောင်း သိရှိရသည်။ (၃၂)





# ကြွက်မှတစ်ဆင့် ကူးစက်ရောဂါ ကာကွယ်ရေး နှိုးဆော်ချက်

၁။ ကြွက်များသည် လူတို့၏ စားနပ်ရိက္ခာနှင့် ပစ္စည်းများကို ဖျက်ဆီးတတ်ရုံမက ကူးစက်ရောဂါများကိုပါ သယ်ဆောင်လာတတ်ပါသည်။ အထူးသဖြင့် ပလိပ်ရောဂါသည် ကြွက်တို့၏သန်းမှတစ်ဆင့် ကူးစက်ပြီး ကပ်ရောဂါ ဖြစ်စေနိုင်ပါသည်။ လူနာများမှတစ်ဆင့် ကူးစက်ကာ ကပ်ရောဂါဆိုးအသွင်လည်း ဖြစ်လာနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍

(က) မိမိတို့ အိမ်၊ ရုံး၊ ဈေးနှင့်ပတ်ဝန်းကျင်တွင် ကြွက်များ ဝင်ရောက်ခိုအောင်း ပေါက်ပွားမှုမရှိအောင် ကာကွယ်ပါ။

(ခ) မိမိတို့အနီးအနားတွင် ကြွက်များ ရုတ်တရက်သေဆုံးပါက ပလိပ်ရောဂါကြောင့် သေဆုံးခြင်းဖြစ်နိုင်ကြောင်း သတိရှိပါ။

(ဂ) ပလိပ်ရောဂါ သံသယရှိသော ကြွက်များကို စစ်ဆေးနိုင်ရန် နီးရာ ကျန်းမာရေးဌာနသို့ အကြောင်းကြားပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန (ခေတ္တ)ညွှန်ကြားရေးမှူးချုပ် ကွင်းဆင်းစစ်ဆေး

**ရန်ကုန်  ဇွန်  ၁၈**

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ခေတ္တ) ညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန်သည် စပါးစိုက်ပျိုးမြေ မလျော့ပါးစေရေးအတွက် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် သာယာကုန်းကျေးရွာအုပ်စုရှိ လယ်မြေပေါ်တွင် ငါးကန်တူးဖော်နေမှုကို ဇွန် ၁၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

၂၀၁၀ ခုနှစ်တွင် စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက် ညွှန်ကြားရေးမှူးများအား ပြည်နယ်/တိုင်း နယ်မြေအလိုက် တာဝန်ခွဲဝေသတ်မှတ်ပြီး ဇွန်လအတွင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (ကြေးမုံ)

# မေလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၃၇ မှု တရားခံ ၃၉၅ ဦးအား ဖမ်းဆီးရမိ

**နေပြည်တော်  ဇွန်  ၁၈**

၂၀၁၀ ခုနှစ် မေလအတွင်း တာဝန်ရှိသူများက မူးယစ်ဆေးဝါး အမှုပေါင်း ၂၃၇ မှု ဖမ်းဆီးနိုင်ခဲ့ရာ ဘိန်း ၂၆ မှု (အလေးချိန် ၁၀၁ ဒသမ ၇၉၃၃) ကီလိုဂရမ်၊ ဘိန်းဖြူ ၈၃ မှု (အလေးချိန် ၂ ဒသမ ၄၆၈၃) ကီလိုဂရမ်၊ ဘိန်းဆီခဲ ၁၁ မှု (အလေးချိန် ၅ ဒသမ ၈၁၃၂) ကီလိုဂရမ်၊ အဆင့်နိမ့်ဘိန်း ၁၁ မှု (အလေးချိန် ၁၆ ဒသမ ၆၇၉၉) ကီလိုဂရမ်၊ ဆေးခြောက်မှု ၂၀ (အလေးချိန် ၄ ဒသမ ၁၆၀၆) ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၅ မှု (၁၆၆၀၁၂ ဒသမ ၅) ပြား၊ ဘိန်းစာမှုန့် ၁၀ မှု (၁၂ ဒသမ ၉၇၉) ကီလိုဂရမ်၊ ဘိန်းရည် တစ်မှု (အလေးချိန် ၃ ဒသမ ၀၂) လစ်တာ၊ အိုက်(စ်) တစ်မှု (အလေးချိန် ၁ ဒသမ ၉၄၃) ကီလိုဂရမ်၊ လိုရာဇီပမ်ဆေးပြား တစ်မှု ၅၀ ပြား၊ မော်ဖင်းထိုးဆေး တစ်မှု တစ်ပုလင်း၊ မှတ်ပုံတင်ပျက် လေးမှု၊ အခြားအမှု သုံးမှု တို့ဖြစ်သည်။

အမှုပေါင်း ၂၃၇ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၃၁၀ နှင့် တရားခံ မ ၈၅ ဦး စုစုပေါင်း ၃၉၅ ဦးတို့ကို ဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ပူတစ်လှည့်၊ အေးတစ်ခါ ကျန်းမာရေးအတွက် ဂရုပြုစရာ

**တင်ထွဋ်** (အစိုးရတိုင်းရင်းဆေး)

(၁၇-၆-၂၀၁၀ ရက် ဆောင်းပါးမှအဆက်)

မြန်မာနိုင်ငံတွင်စိုက်ပျိုးရေးကိုအဓိကထား အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြသော တောင်သူလယ်သမားများအနေဖြင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ ဖြစ်ပေါ်လေ့ရှိသော မိုးကြိုကာလမုန်တိုင်းများ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်ပြီး အနောက်တောင်အရပ်ဆီက မိုးသက်လေနှင် လာရောက်မည့်အချိန်(တစ်နည်း) စိုက်ပျိုးရေးအတွက် အားကိုးအားထားပြုနေရသည့် မုတ်သုံမိုး ရွာသွန်းမည့်ရက်ကို စောင့်မျှော်လျက်ရှိချိန်တွင် အဆိုပါ မုတ်သုံမိုးကို ရွာသွန်းစေမည့် မုန်တိုင်းဖြတ်ကျော်ဝင်ရောက်မှုကြောင့် ဖြစ်ပေါ်စေနိုင်သည့် ပျက်စီးဆုံးရှုံးမှုအန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် မိမိတို့နေထိုင်ရာ ဒေသအလိုက် ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းလုပ်ငန်းများကိုလည်း ရေဒီယို၊ ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် ထုတ်လွှင့်ကြေညာဖော်ပြလျက်ရှိသော မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်နှင့်အညီ ပြည်သူများအနေဖြင့် ဂရုပြုလိုက်နာဆောင်ရွက်ကြရမည် ဖြစ်သည်။ ယင်းသို့ မုန်တိုင်းအန္တရာယ်ကို ကြိုတင်ကာကွယ်ရင်း ပြည်သူများအနေဖြင့် **တစ်ဦးချင်းစီ၏ တစ်ကိုယ်ရေကျန်းမာရေးအထောက်အကူပြုစေရေး**အတွက် သိရှိလိုက်နာဆောင်ရွက်နိုင်ကြရန် ယခုလတ်တလော ဖြစ်ပေါ်လျက်ရှိသည့် မိုးရွာလိုက်၊ နေပူလိုက် တစ်နည်းအားဖြင့် **ပူတစ်လှည့်၊ အေးတစ်ခါ** ခံစားရသည့် အခြေအနေမျိုးတွင် **ဖြစ်ပွားတတ်သောရောဂါများ**နှင့် စပ်လျဉ်း၍ ဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ လက္ခဏာများနှင့် သက်သာပျောက်ကင်းစေမည့် ပြုစုကုသနည်းများကို ဆက်လက်ရေးသားတင်ပြမည်ဖြစ်ပါသည်။

**(၅) ရေကျောက်ရောဂါ။** ။ဖြစ်ပွားရခြင်းအကြောင်းများမှာ-အပူ အအေးအားပြိုင်သော ဥတုဖြစ်ပေါ်ခြင်း၊ တစ်ဦးမှတစ်ဦး ကူးစက်ခြင်း၊ ပူ-စပ်-ခါး-ချဉ်အရသာရှိသော အစားအစာများကို လွန်ကဲစွာစားသုံးခြင်း၊ ရာသီဥတု ပူလိုက်အေးလိုက်ဖြစ်ခြင်း စသည်တို့ဖြစ်ပါသည်။ ရောဂါလက္ခဏာများမှာ **ရှေ့ပြေးလက္ခဏာများ**အဖြစ် ကိုယ်ပူလာခြင်း၊ အစက်အပြောက်များ ပေါ်ခြင်း၊ သွေးခုန်နှုန်းမြန်ခြင်း၊ ချွေးငုပ်ခြင်း စသည်တို့ကိုတွေ့ရှိရမည်ဖြစ်ပြီး **ဖြစ်ဆဲလက္ခဏာများ**အဖြစ် ကိုယ်အပူကြီးခြင်း၊ သွေးခုန်နှုန်းမြန်ခြင်း၊ မအီမသာဖြစ်ခြင်း၊ မျက်စိပူခြင်း၊ အာခေါင်ပူခြင်း၊ အနီပြောက်လေးများ အစုအဝေးတစ်ခုစီ ပေါ်လာခြင်း၊ ၎င်းအနီဖုများ အရည်တည်လာခြင်း၊ ပြည်ဝတ်ဆံများတည်လာခြင်း၊ တစ်ခါတစ်ရံ အာခေါင်၊ ပါးစပ်ရှိ ပါးစောင်မြေး၊ မျက်မြေးတို့တွင် ထွက်တတ်ခြင်း စသည်တို့ကို တွေ့ရှိရမည်။ ရေကျောက်ကို ပြုစုကုသခြင်းနှင့် စပ်လျဉ်း၍ **ပထမအဆင့်**တွင် ကျောက်စုံလင်စွာထွက်စေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇ (သွေးဆေးနီ) နှစ်ပဲသားကို ကွမ်းရွက်ပြုတ်ရည်ဖြင့် တစ်နေ့သုံးကြိမ် သုံးရက်တိုက်ရန်၊ ကျောက်စုံလင်ပြီး အဖျားကျပါက **ဒုတိယအဆင့်**တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၆(ဟလိဒ္ဒစုဏ္ဏကန်းဆေး)နှစ်ပဲသားကို ကွမ်းရွက်ပြုတ်ရည်ဖြင့် တစ်နေ့သုံးကြိမ်တိုက်ရန်၊ အဖျားလုံးဝပျောက်သွားပါက **တတိယအဆင့်**တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆ (အပူငြိမ်းသွေးဆေး) နှစ်ပဲသားကို ကွမ်းရွက်ပြုတ်ရည်ဖြင့် သုံးရက်တိုက်ရန်၊ လိမ်းဆေးအနေဖြင့် ပထမအဆင့်တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃(အကင်းဆယ်ပါးဆေး)ကို သနပ်ခါးရည်ကျဲကျဲဖြင့် လိမ်းပေးပါရန်၊ ဒုတိယအဆင့်တွင် အနာများကို တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃ (အကင်းဆယ်ပါးဆေး)ကို အုန်းဆီဖြင့်လိမ်းရန်၊ လိုက်နာဆောင်ရွက်ရမည့်အချက်များမှာ ကြေကျက်လွယ်ပြီး အားဖြစ်စေသော ငါးရံ့စွပ်ပြုတ်၊ ကြက်စွပ်ပြုတ်၊ ဆန်ပြုတ်တို့ကို သောက်ရန်နှင့် မိုးနံ့ရွက်ဟင်းချိုတိုက်ရန်တို့ဖြစ်ပြီး ရှောင်ကြဉ်ရန် အချက်များမှာ ပူချဉ်စပ်အရသာရှိသော အစားအစာများ(ဥပမာ-ငရုတ်သီး၊ ချင်းတက်၊ ငရုတ်ကောင်း၊ လက်လုပ်ချဉ်)၊ အေးဆိမ့်ဖန် အရသာရှိသော အစားအစာများ (ဥပမာ-ရေခဲမုန့်၊ ရေခဲထုပ်၊ ဖာလူဒါ)စသည်တို့ဖြစ်ပါသည်။ အကယ်၍ ပြင်းထန်စွာဖျားခြင်း၊ ဦးနှောက်အမြှေးအနာဖြစ်ခြင်း၊ ရောင်ခြင်း၊ လေအိတ်များ ရောင်ခြင်း၊ နှလုံးကြွက်သားများ ရောင်ရမ်းခြင်းဖြစ်ပါက အခြားသင့်တော်ရာဆေးရုံသို့ ညွှန်းပို့ကုသစေရပါမည်။

**(၆) ဝက်သက်ရောဂါ။** ။ဖြစ်ပွားရခြင်းအကြောင်းများမှာ နေပူခံခြင်း၊ ဥတုပြောင်း မိုးနှောင်း၊ နွေနှောင်းတို့၌ ဥတုဒဏ်ခံနိုင်မှု မရှိခြင်း၊ အအေးမိခြင်း၊ အပူမိခြင်း၊ အသက် ၁၀ နှစ်အောက် ကလေးများဖြစ်ခြင်း၊ အာဟာရချို့တဲ့၍ ကိုယ်ခံအားနည်းခြင်းတို့ ဖြစ်ပါသည်။ ရောဂါလက္ခဏာများမှာ-**ရှေ့ပြေးလက္ခဏာများ**အဖြစ် ပူလောင်ခြင်း၊ မှိန်းနေလိုခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း စသည်တို့ကို တွေ့ရှိရမည်ဖြစ်ပြီး **ဖြစ်ဆဲလက္ခဏာများ**မှာ ရောဂါပျိုးချိန် ၇ ရက်မှ ၁၄ ရက်အထိ ကြာတတ်ခြင်း၊ **ပထမအဆင့်**တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်း၊ မျက်မြေးရောင်ခြင်း၊ ပါးစောင်တွင် Koplik spot အဖြူအစက်အပြောက် တွေ့ရတတ်ခြင်း၊ အလင်းရောင်ကြောက်တတ်ခြင်း၊ အဖျားနှင့်ချောင်းဆိုး တဖြည်းဖြည်းဆိုးရွားလာပြီး တစ်ကိုယ်လုံးအနီကွက်များပေါ်ထွက်လာခြင်း၊ လည်ပင်း၊ နားရွက်နောက်၊ ဆံပင်၊ ဆံစပ်တို့တွင် စတင်ထွက်တတ်ခြင်း၊ မျက်နှာ၊ လက်၊ ရင်ဘတ်နှင့် တစ်ကိုယ်လုံးသို့ နှစ်ရက်မှ သုံးရက်အတွင်းပျံ့နှံ့သွားခြင်း စသည့် လက္ခဏာများကိုလည်းကောင်း၊ **ပြင်းထန်သောဆင့်ဝက်သက်**တွင် တစ်ကိုယ်လုံးရှိ အရေပြားသာမက လက်ဖဝါး၊ ခြေဖဝါးများအထိ ထွက်တတ်ခြင်း၊ မျက်နှာရောင်ပြီး ပုံပျက်တတ်ခြင်း၊ သွေးခြည်ဥခြင်း၊ အစက်အပြောက်များ ပေါ်ခြင်း၊ ပါးစပ်၊ နှာခေါင်းနှင့် အစာအိမ်လမ်းကြောင်းတို့တွင် သွေးများယိုထွက်တတ်ခြင်း၊ အရေပြားအကွက်များ မှိန်သွားချိန်တွင် အရေခွံကွာတတ်ပြီး အရေပြားတွင် အညိုရောင်စွန်းထင်း ကျန်တတ်ခြင်း၊ မေးရိုးထောင့်နှင့် လည်ပင်းနောက်မှ အကျိတ်ဂလင်းများ ရောင်တတ်ခြင်း၊ သရက်ရွက် အနည်းငယ်ကြီးလာတတ်ခြင်း၊ အူအတက်ရောင်တတ်ခြင်း၊ နားပြည်ယိုခြင်း၊ အဆုတ်အအေးမိခြင်း၊ အန်ခြင်း၊ ဝမ်းသွားခြင်း၊ ဖြစ်စတွင် အဖျား ၁၀၂F မှ ၁၀၅F အထိ တက်တတ်ခြင်းစသည်တို့ကို တွေ့ရှိရပေမည်။ ဝက်သက်ကုထုံးမှာ **ပထမအဆင့်**တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇ (သွေးဆေးနီ) နှစ်ပဲသားကို ကွမ်းရွက်ပြုတ်ရည်နှင့် တစ်နေ့ သုံးကြိမ် သုံးရက်တိုက်ရန်၊ အဖျားကျပါက **ဒုတိယအဆင့်**တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၆ (ဟလိဒ္ဒစုဏ္ဏကန်းဆေး) နှစ်ပဲသားကို ကွမ်းရွက်ပြုတ်ရည်ဖြင့် တစ်နေ့သုံးကြိမ် သုံးရက်တိုက်ရန်ဖြစ်ပြီး **လိမ်းဆေး**အဖြစ် **ပထမအဆင့်**တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃ (အကင်းဆယ်ပါးဆေး)ကို သနပ်ခါးရည်ကျဲကျဲဖြင့် လိမ်းပေးရန်၊ **ဒုတိယအဆင့်**တွင် အနာများကို တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် ၄၃ (အကင်းဆယ်ပါးဆေး)ကို အုန်းဆီနှင့် လိမ်းရန်တို့ဖြစ်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များမှာ ကြေကျက်လွယ်ပြီး အားဖြစ်စေသော ငါးရံ့စွပ်ပြုတ်၊ ကြက်စွပ်ပြုတ်၊ ဆန်ပြုတ်တို့ကိုကျွေးပြီး လေကောင်းလေသန့်ရသော အခန်းတွင်ထားရန်နှင့် ရှောင်ကြဉ်ရန်အချက်များမှာ ပူချဉ်စပ်အရသာများ (ဥပမာ-ငရုတ်သီး၊ ငရုတ်ကောင်း၊ လက်လုပ်ချဉ်)၊ အေးဆိမ့်ဖန်အရသာများ (ဥပမာ-ရေခဲမုန့်၊ ရေခဲထုပ်၊ ဖာလူဒါ)တို့ ဖြစ်ပါသည်။ ဝက်သက်ရောဂါတွင် အဖျားမကျဘဲ အဖုများ ကြီးထွားလာပါက ကုသရန်ခက်ခဲသော အခြေအနေသို့ ရောက်ရှိသွားသည်ကို သတိပြုရန်နှင့် အဆုတ်ကျပ်ခဲခြင်း၊ မျက်ကြည်လွှာအနာဖြစ်ခြင်း၊ ဦးနှောက်အမြှေးရောင်ခြင်းများ ဖြစ်လာပါက အခြားသင့်တော်ရာဆေးရုံသို့ ညွှန်းပို့ကုသစေရပါမည်။

**(၇) အဆုတ်အအေးမိရောဂါ။** ။ရောဂါဖြစ်ပွားရခြင်း အကြောင်းများမှာ အေးသောဥတုတွင် နွေးထွေးစွာနေထိုင်မှုမရှိခြင်း၊ အအေးမိခံခြင်း၊ အေးသော အစားအစာများလွန်ကဲစွာစားသုံးခြင်း၊ ပြင်ပပတ်ဝန်းကျင်အခြေအနေတွင် အအေးလွန်ကဲခြင်း၊ ရေအေးနှင့် လေအေးတို့ကြောင့် အအေးမိရာမှ အဆုတ်အအေးမိခြင်း စသည်တို့ ဖြစ်ပါသည်။ ရောဂါလက္ခဏာများမှာ **ရှေ့ပြေးလက္ခဏာများ**အဖြစ် နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ ခွဲကျပ်ခြင်း စသည်တို့ကိုလည်းကောင်း၊ **ဖြစ်ဆဲလက္ခဏာများ**အဖြစ် အအေးမိခြင်း၊ နှာစေးခြင်း၊ နှာပိတ်ခြင်း၊ ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ အဆုတ်လေပြွန်များ ရောင်ရမ်းခြင်း၊ ချောင်းဆိုး၍ သလိပ်များခြင်း၊ အသက်ရှူကျပ်ခြင်း၊ ခွဲသလိပ်များ ပိတ်ဆို့ခြင်း၊ အသက်ရှူသံ ပြင်ပမှကြားနေရခြင်း၊ ရောဂါပြင်းထန်ပါက အန်ခြင်း၊ အသက်ရှူခက်ခဲခြင်း၊ အသက်ရှူမြန်ခြင်း၊ အသက်ရှူလျှင် ရင်ညွှန့်ချိုင့်ခြင်း၊ နှုတ်ခမ်းမစို့ခြင်း စသည်တို့ကို တွေ့ရှိရမည်။ အဆုတ်အအေးမိရောဂါကုထုံးနှင့် စပ်လျဉ်း၍ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂ (ဆေးပုလဲကလာပ်)နှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂ (လေမျိုးရှစ်ဆယ်ဆေး) တစ်ပဲသားစီနှင့် ကွမ်းရွက်ပြုတ်ရည်တို့ကိုလည်းကောင်း၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁ (မက်လင်ချဉ်ဆေး) နှစ်ပဲသားကို ကွမ်းရွက်၊ ပင်စိမ်းရွက်၊ ဇီရာသတ္တုရည်တို့ဖြစ်စေ၊ ပျားရည်နှင့်ဖြစ်စေ တိုက်ရန်ဖြစ်ပြီး တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၇ (ခုနစ်ပါးဆေးဝါလေး)ကို မုန်ညင်းဆီဖြင့် ကျောကုန်းနှင့် ရင်ဘတ်တို့တွင် လိမ်းရန် ဖြစ်ပါသည်။ အထောက်အကူပြုကုထုံးမှာ ကလေးအား နွေးထွေးအောင်ပြုလုပ်ပြီး ရေနွေးဖတ်တိုက်ပေးရန် ဖြစ်ပါသည်။ လိုက်နာဆောင်ရွက်ရန်အချက်များမှာ နွေးထွေးစွာထားရန်နှင့် ရေနွေးတွင် ပရုတ်ဆီထည့်၍ အခန်းတွင် အငွေ့လွှတ်ထားရန်တို့ဖြစ်ပြီး ရှောင်ကြဉ်ရန်အချက်များမှာ စိုစွတ်သောနေရာတွင်နေခြင်း၊ အဝတ်စိုဝတ်ခြင်း၊ လေစိမ်းတိုက်ခံခြင်း၊ အေး၍ပတ်ဖွဲ့စေသော ရေခဲမုန့်၊ ဖာလူဒါ စသည်တို့ကို စားခြင်းတို့ဖြစ်ပါသည်။ အချိန်နှင့်အမျှ ခွဲကျပ်နေပါက အသက်ရှူလမ်းကြောင်း ထိခိုက်နိုင်ကြောင်း သတိပြုရန်နှင့် အသက်ရှူခက်ခဲခြင်း၊ အသက်ရှူမြန်ခြင်းနှင့် ရင်ညွှန့်ချိုင့်ခြင်းတို့ဖြစ်ပါက အခြားသင့်တော်ရာဆေးရုံသို့ ညွှန်းပို့ကုသစေရပါမည်။

**(၈) ဝမ်းလျှောဝမ်းပျက်ရောဂါ။** ။ဖြစ်ပွားရသည့် အကြောင်းများမှာ ပါစက ဝမ်းမီးညံ့ခြင်း၊ ယင်လုံအိမ်သာမသုံးစွဲခြင်း၊ အိမ်သာသုံးစွဲပြီး လက်ကို စင်ကြယ်အောင်မဆေးခြင်း၊ အစားအသောက်စားလျှင် လက်ကိုစင်ကြယ်အောင် မဆေးခြင်း၊ စိုးရိမ်သောကကြီးခြင်း၊ စိတ်ဖိစီးခြင်း၊ ကြောက်လန့်ခြင်း၊ နွေရာသီပူပြင်းသော ကာလဖြစ်ခြင်း၊ ရာသီဥတုအပူရှိန်ပြင်းထန်လွန်ကဲချိန်တွင် ရုတ်တရက်မိုးရွာပြီး အပူနှင့်အအေး အားပြိုင်သောဥတု ဖြစ်ပေါ်ခြင်း၊ နွေနှင့်မိုး အပြောင်းအလဲ ပူတစ်လှည့်၊ အေးတစ်ခါဖြစ်ခြင်း၊ အမှည့်လွန်အသီးများဖြစ်သော သရက်သီး၊ ပိန္နဲသီး၊ ကနစိုးသီးစသည်များ၊ မုန့်ဟင်းခါး၊ မုန့်တီ၊ လက်လုပ်ချဉ်၊ ထန်းရည်ချဉ်၊ ယင်နားစာ၊ ထမင်းကျန်၊ ဟင်းကျန်များ၊ မလတ်ဆတ်သောအသား၊ ငါးနှင့် အစားအစာများ၊ ဝမ်းနူးစေသော အစားအစာများ၊ အစာကြေခဲသည့် အစားအစာများကို စားသောက်မိခြင်း၊ မသန့်ရှင်းသော ရေများသောက်သုံးမိခြင်း၊ ပူပြင်းသောအချိန်တွင် ဝမ်းနုတ်ခြင်း စသည်တို့ဖြစ်သည်။ ၎င်းရောဂါ၏ လက္ခဏာများမှာ **အပူဝမ်းလျှော ဝမ်းပျက်လက္ခဏာများ**အနေဖြင့် ခန္ဓာကိုယ်ပူနွေးနေခြင်း၊ ရေဆာခြင်း၊ ဝမ်းအရောင် ညစ်ထေးပြီး ကျဲကျဲသွားခြင်း၊ ဝမ်းတွင်း ပူလောင်ခြင်း၊ ဝမ်းသွားပြီး စအိုဝပူလောင်ကျန်ခြင်း၊ ဝမ်းဗိုက်နာကျင်ခြင်း၊ ဦးခေါင်းကိုက်ခြင်း၊ ဆီးနီ၊ ဆီးနည်းခြင်း၊ လက်ဖျားခြေဖျားနွေးခြင်း၊ ရောဂါပြင်းထန်ပါက ရေငတ်ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ကိုလည်းကောင်း၊ **အအေးဝမ်းလျှောဝမ်းပျက် လက္ခဏာများ**အနေဖြင့် ခန္ဓာကိုယ်အေးခြင်း၊ ရေမဆာခြင်း၊ ဝမ်းအရောင်ဖြူပြီး ကျဲကျဲသွားခြင်း၊ ဝမ်းတွင်းအေးနေခြင်း၊ ဦးခေါင်းအုံ့ခြင်း၊ ဆီးဖြူခြင်း၊ ဝမ်းဗိုက်နာကျင်ခြင်း၊ လက်ဖျားခြေဖျားအေးခြင်း စသည်တို့ကိုလည်းကောင်း အသီးသီးတွေ့ရှိရမည်ဖြစ်သည်။

ဝမ်းလျှောဝမ်းပျက်ရောဂါခံစားနေရသော ဝေဒနာရှင်သည် ဝမ်းနှင့် ဆီးတစ်ပြိုင်တည်းသွားပါကအပူဝမ်းဖြစ်လျှင်တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၁၆(အပူငြိမ်းသွေးဆေး)၊ အအေးဝမ်းဖြစ်လျှင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၃၅(ဇာတိလဝင်ဆေး)သို့မဟုတ် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇ (သွေးဆေးနီ) လက်ဖက်ရည်ဇွန်းတစ်ဇွန်းပမာဏကို ရေကျက်အေးနှင့် နှစ်နာရီခြားတစ်ကြိမ်တိုက်၍လည်းကောင်း၊ ဆေးသုံးခွက်တိုက်ပြီးနောက် ဝမ်းသွားခြင်းရပ်တန့်သွားသည့်အခါ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၃၃ (အစာကြေလေပုပ်ထုတ်ဆေး) လက်ဖက်ရည်ဇွန်း တစ်ဇွန်းပမာဏကို ရေနွေးနှင့် တိုက်ပေးရန်တို့ဖြစ်သည်။ **လိမ်းဆေး**အနေဖြင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃(အကင်းဆယ်ပါးဆေး) သို့မဟုတ် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၇(ခုနစ်ပါးဆေးဝါ)ကို ဝမ်းဗိုက်တစ်ပြင်လုံး နှမ်းဆီနှင့် ဖျော်လိမ်းပေးရန်ဖြစ်သည်။ အကယ်၍ ဝမ်းသက်သာသွားပြီး ဆီးမသွားသော ဝေဒနာရှင်ဖြစ်ပါက တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆ (အပူငြိမ်းသွေးဆေး)နှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၁(ဆီးဆေးဖြူ)တို့ကို ဆတူရောစပ်ကာ လက်ဖက်ရည်ဇွန်း တစ်ဇွန်းပမာဏကို တစ်နာရီတစ်ကြိမ်တိုက်ပေးပြီး ဖော်ပြပါ လိမ်းဆေးကို ဝမ်းဗိုက်တစ်ပြင်လုံး နှမ်းဆီနှင့် ဖျော်လိမ်းပေးရန် ဖြစ်သည်။ ၎င်းဆေးသုံးကြိမ်တိုက်ပြီး ဝမ်းရပ်တန့်သွား၍ရောဂါသက်သာလာသည့်အခါ ဖော်ပြပါကုထုံးအတိုင်း နံနက်တစ်ကြိမ်၊ နေ့တစ်ကြိမ်၊ ညတစ်ကြိမ် ဆက်လက်တိုက်ကျွေးရန်ဖြစ်သည်။

ကလေးများဖြစ်ပါက အသက်အရွယ်ကိုကြည့်ပြီး ယင်းကုထုံးများအတိုင်း ဆေးပမာဏကို ချင့်ချိန်တိုက်ရန်ဖြစ်သည်။ ဝမ်းရပ်တန့်ပြီး ပုံမှန်ဖြစ်လာသောအခါ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၃၃(အစာကြေလေပုပ်ထုတ်ဆေး) လက်ဖက်ရည်ဇွန်း တစ်ဇွန်းပမာဏကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ရေကျက်အေးနှင့်တိုက်ရန်၊ ဝမ်းလျှောဝမ်းပျက်စဉ် ဆုံးရှုံးသွားသော ပထဝီဓာတ်နှင့် အာပေါဓာတ်တို့အတွက် ဓာတ်ဆားရည်ဖြစ်စေ၊ အုန်းစိမ်းနုရည်ဖြစ်စေ တိုက်ပေးရန်ဖြစ်သည်။ ဝေဒနာရှင်သည် အော့အန်လျက် ဝမ်းဗိုက်လွန်မင်းစွာ နာကျင်၍ ဆန်ဆေးရည်၊ ထမင်းရည်ကဲ့သို့ အရည်ဝမ်းများ မရပ်မနား သွားနေလျှင်ဖြစ်စေ၊ ဆေးတိုက်သော်လည်း ဝမ်းမရပ်ခြင်း၊ အန်ခြင်း၊ ကြွက်တက်ခြင်း၊ အပူရှိန်ကြီးခြင်း၊ ဖျားခြင်း၊ အရေပြားများ ပျော့အိပြီး တွဲကျလာခြင်း၊ သတိလစ်ခြင်းတို့ဖြစ်လာလျှင်ဖြစ်စေ နီးစပ်ရာဆေးရုံသို့ ညွှန်းပို့ကုသမှု ခံယူစေရမည်ဖြစ်သည်။ ၎င်းဝမ်းလျှောဝမ်းပျက်ရောဂါကို ကြိုတင်ကာကွယ်ရန်နှင့် ကုသရန်နည်းလမ်းများမှာ ဥသျှစ်သီး၊ သလဲသီး၊ မင်းကွတ်သီးတစ်မျိုးမျိုး၏ အခွံကိုရေကျက်အေးနှင့်သွေး၍ ရရှိလာသောအရည် လက်ဖက်ရည်ဇွန်းတစ်ဝက်ပမာဏကို နံနက်၊ ညတစ်ကြိမ်စီ ရေကျက်အေးနှင့်တိုက်ရန်၊ လက်ထုတ်ကြီးအခေါက်ကိုမီးကင်၍ အမှုန့်ပြုကာ တစ်ခါသောက် လက်ဖက်ရည်ဇွန်းတစ်ဇွန်း နံနက်၊ ည တစ်ကြိမ်စီ ရေကျက်အေးနှင့် တိုက်ရန်တို့ဖြစ်ပြီး အလားတူထိမ်ပွင့်၊ ဇာတိပ္ဖိုလ်သီးဆန်၊ ဖန်ခါးသီး၊ ဆေးပုစွန်တုပ်၊ ဆူးဖြူ ပန်းလဲ၊ ရှားစေး၊ ပဥ္စကာနီ၊ တမာ၊ တောက်ရပ်၊ လင်းလေ၊ လက်ပံ စသည်တို့ကို ဆေးဝါးအဖြစ် အသုံးပြုနိုင်သည်။

ယင်းရောဂါကုသနည်းများတွင် ထည့်သွင်းအသုံးပြုသော တိုင်းရင်းဆေးခန်းသုံး ဆေးများနှင့်စပ်လျဉ်း၍ အထူးသဖြင့် သွေးတိုးနှင့် ကျောက်ကပ်ရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်နှင့် ဓမ္မတာမှန်သော အမျိုးသမီးများ၊ အသက်အရွယ်ကြီးရင့်သူနှင့် ငယ်ရွယ်သူ လသားကလေးများကို ပြုစုရန် အတွက် ကျွမ်းကျင်သူ တိုင်းရင်းဆေးပညာရှင်များနှင့် ဆွေးနွေးတိုင်ပင် ဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



**ရေတာရှည်မြို့နယ်ရှိ မြို့မဈေး၊ ဆွာဈေး၊ သာဂရဈေး၊ မြို့လှဈေးနှင့် ရေနီဈေးများ၌ မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်နိုင်ရေးအတွက် ညွှန်ကြားချက်၊ စီမံချက်နှင့်အညီ ဆောင်ရွက်ထားမှု အခြေအနေကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင် ကွင်းဆင်းစစ်ဆေးရာ ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင် ရှင်းလင်းတင်ပြစဉ်။**
(မြို့နယ်စည်ပင်)



**ရေကြည်မြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ ဇာတိမြေဖြစ်သော ရေကြည်မြို့သို့ ဇွန် ၁ ရက်က စုပေါင်းသွားရောက်ပြီး အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင် သက်ကြီးအဘိုးအဘွားများအား အလှူပစ္စည်းများဖြင့် စုပေါင်းကန်တော့ကြပြီး အသင်းဒုတိယဥက္ကဋ္ဌ ဦးကြည်ဆန်းနှင့် အမှုဆောင်များက ရေကြည်မြို့ ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်ဦးမောင် လက်ခံရယူစဉ်။** (မြို့နယ်ပြန်/ဆက်)

# SONY EXPO - 2010 ပြပွဲဖွင့်ပွဲ အခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်

ရန်ကုန် ဇွန် ၁၈

**TMW Enterprise Ltd. ၏ SONY EXPO - 2010 ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်သည်။**

ရှေးဦးစွာ TMW Enterprise မှ Executive Director က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် စီးပွားရေးလုပ်ငန်းသုံးပစ္စည်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဖဲကြိုးဖြတ် ဖွင့်လှစ်

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် TMW Enterprise Ltd. ၏ SONY EXPO - 2010 ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)



## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၉-၆-၂၀၁၀ (စနေနေ့) [၁၃၇၂ခုနှစ်၊ ပထမဝါဆိုလဆန်း(၈)ရက်၊ ဥပုသ်နေ့]**

**နံနက်ပိုင်း**

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
၇:၁၀ ၂။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ကဗျာပန်းဥယျာဉ်
၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၂၅ ၈။ တေးဂီတအစီအစဉ်
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ အကပြိုင်ပွဲ
၈:၅၀ ၁၁။ "ကျန်ရစ်ခဲ့လေသော ခြင်ထောင်လေးတစ်လုံး"
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၂:၃၀ ၅။ Yan Can Cook
၁၂:၅၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၁၇)**
၁:၅၀ ၇။ လယ်ယာစီးပွားဖွံ့ဖြိုးတိုးတက်နေသောမန္တလေးရိုးမြို့နဲ့ နမ့်ခမ်းမြို့နယ်မြေ
၂:၀၀ ၈။ လောကနီတိ"အမေ့သား" (မင်းမော်ကွန်း၊ ပြေတီဦး၊ စိုးမြတ်နန္ဒာ၊ စန်းစန်းဝင်း) (ဒါရိုက်တာ-ဦးခင်ဇော်)
၂:၅၀ ၉။ International News
၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄:၂၀ ၃။ အတီးပြိုင်ပွဲ
၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ-ပထမနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၄:၅၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၆။ တေးဂီတအစီအစဉ်
၅:၁၀ ၇။ "စပါးကရွှေ ငါးကငွေ"
၅:၂၀ ၈။ မြေဆီစိုခိုက်သစ်ပင်စိုက်ဖို့ လူတိုင်းပါဝင်ဆောင်ရွက်စို့
၅:၃၀ ၉။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြို သုံးသပ်ချက်)
၅:၄၅ ၁၀။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (နယ်သာလန်အသင်းနှင့် ဂျပန်အသင်း)
၈:၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ အလှကိုယ်စီဘဝကိုယ်စီ [တေးဆို-ဝင်းဝင်းအောင်(မြို့မ)] သရုပ်ဆောင်-ပပဝင်းခင်၊ တေးရေး-ကိုရွှန်းမြိုင်(မြို့မ)
၁၅။ **ကာတွန်းအစီအစဉ် "တောကောင်ငယ်သိုင်းညီနောင်လေးများ" (အပိုင်း-၃၄)**
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အရွယ်လွန်ချစ်အိပ်မက်" (အပိုင်း-၁၇)**
၁၇။ ဂီတတံခါးလေးဖွင့်ပါဦး
၁၈။ မင်းကွန်းဆရာတော်ကြီး၏အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်

**နံနက်ပိုင်း**

၀၁:၀၀ ၁၉။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ကင်မရွန်းအသင်းနှင့် ဒိန်းမတ်အသင်း)
၂၀။ အစီအစဉ်ပြီး၏။

## စာရင်းစစ်ချုပ်ရုံး ပြည်နယ်နှင့် တိုင်း ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၈**

စာရင်းစစ်ချုပ်ရုံး ပြည်နယ်နှင့် တိုင်း ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်၍ တာဝန်ရှိသူများသည် လုပ်ငန်းဆောင်ရွက်ရာတွင် သမာသမတ်ကျစွာ အဂတိကင်းကင်း ရှင်းရှင်းဖြင့် မှန်မှန်ကန်ကန် အစဉ်တစိုက်ဆောင်ရွက်ရန်၊ ငွေကြေးပမာဏကြီးမားသည့် စီမံကိန်းလုပ်ငန်းများကို စေ့စေ့စပ်စပ်စစ်ဆေး၍ အချိန်မီတင်ပြရန်၊ အလွဲသုံးစားမှု၊ မသမာမှု၊ ပေါ့လျော့မှုတို့ကြောင့် ဖြစ်ပေါ်လာသော နိုင်ငံတော်၏ နစ်နာဆုံးရှုံးမှုများကို ဆက်လက်ဖော်ထုတ်သွားရန်၊ စစ်ဆေးဖော်ထုတ်မှုအရ နိုင်ငံတော်၏ဆုံးရှုံးမှု ငွေကြေးပစ္စည်းများအား နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းမှုကို အပြည့်အဝ ပြန်လည်ရရှိနိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်ရန်၊ ငွေလုံးငွေရင်းရန်ပုံငွေများကို သုံးစွဲရာတွင် နည်းလမ်းမကျနမှု၊ စည်းမျဉ်းစည်းကမ်းနှင့် မညီညွတ်မှုတို့ကို အလေးပေးစစ်ဆေးဖော်ထုတ်ရမည့်အပြင် သတ်မှတ်ကာလအတိုင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုရှိ၊ မရှိကိုလည်း စိစစ်ရန်နှင့် လုပ်ငန်းများကို လျာထားချက်အတိုင်း အပြည့်အဝပြီးစီးစေရေး စစ်ဆေးတင်ပြကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်း ညွှန်ကြားရေးမှူးများက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် စာရင်းစစ်ချုပ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## သာကေတ အလက(၁)တွင် ဂုဏ်ပြုပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း ခန်းမတွင် ဇွန် ၁၇ရက် နံနက် ၁၀နာရီက အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပသည်။

ယင်းအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်များက ကျောင်းတွင်လိုအပ်သော ပစ္စည်းများနှင့် အလှူငွေများပေးအပ်ကြရာ ပေါ်ပြူလာပလတ်စတစ်စက်ရုံမှ ဦးကျင်ဦးက ငွေကျပ် ၃၇၈၀၀၀ တန်ဖိုးရှိ ပလတ်စတစ်ခုံ အလုံး ၇၀ကိုလည်းကောင်း **(အောက်ပုံ)**၊ ရေစက်အလှူရှင် ဦးအုန်းမောင်မိသားစုက အလှူငွေကျပ် ၁၂၀၀၀၀ ကိုလည်းကောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်ဦးထံသို့ လှူဒါန်းကြသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဦးက ကျေးဇူးတင်စကား ပြောကြား၍ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

(၅၃)

## တန့်ယန်းမြို့နယ်၌ စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်

**တန့်ယန်း ဇွန် ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း စိုက်/ကြပ်လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နိုင်ရန်အတွက် စီမံကိန်းတာဝန်ပေးအပ်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မေ ၂၆ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် ရပ်ကွက်ကျေးရွာ ဥက္ကဋ္ဌများတက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညီညီလတ်က အမှာစကားပြောကြားပြီး ၂၀၁၀-၂၀၁၁ စီမံကိန်းရည်မှန်းချက် တာဝန်များကိုပေးအပ်ရာ တာဝန်ရှိသူ အသီးသီးတို့က လက်ခံရယူကြကြောင်း သိရှိရသည်။ (မြို့နယ်ပြန်/ဆက်)



## အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းဝင် သင်တန်းတက်ရောက်ရန် မလေးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇွန် ၁၈**

မလေးရှားနိုင်ငံ အမျိုးသမီးမိသားစုနှင့် လူမှုအသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအောက်ရှိ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများဆိုင်ရာ NAM Institute for the Empowerment of Women (NIEW) မှ ကြီးမှူး၍ ကွာလာလမ်ပူမြို့တွင် ဇွန် ၁၄ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်မည့် Financially Empowering Women through Education Industry သင်တန်းတက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဝင် Business Capacity Building Centre တည်ထောင်သူနှင့် အသင်းဝင်ဖြစ်သူ ဒေါ်သီတာသန့်သည် ဇွန် ၁၂ ရက် နံနက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အမှုဆောင်ဒေါ်ယဉ်ယဉ်အေးနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**(အောက်ပုံ)**(သတင်းစဉ်)



## သဲကုန်းမြို့နယ်အသင်း (ရန်ကုန်) စုပေါင်းအလှူပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ အပြည်ပြည်ဆိုင်ရာ သီတဂူသာသနာပြုဗိမာန်တော်တွင် သဲကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းအလှူပွဲကို ဇွန် ၂၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်၍ မြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်ကြပါရန်နှင့် အလှူငွေများကို နာယက ဒေါက်တာဦးမင်းဆွေ ဖုန်း-၀၉-၅၀၀၃၁၁၇၊ ဥက္ကဋ္ဌ ဦးခင်မောင်ထွန်း ဖုန်း-၀၉-၈၆၁၁၈၇၈၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးသန်းလွင် ဖုန်း-၂၅၃၆၄၂၊ ဦးချစ်ရင် ဖုန်း-၂၉၁၆၆၈၊ ဘဏ္ဍာရေးမှူး ဦးဇော်ဝင်း ဖုန်း-၅၉၀၃၄၅နှင့် အမှုဆောင် ဒေါ်စုစု ဖုန်း-၀၉-၈၆၀၀၄၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**စာအုပ်စာပေ လူ့မိတ်ဆွေ**



# စုပေါင်းသွေးလှူဒါန်းပွဲ တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း တက်ရောက်

**နေပြည်တော် ဇွန် ၁၈**

ကမ္ဘာ့သွေးလှူရှင်များနေ့နှင့် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၁၄ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သွေးအလှူရှင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး သွေးလှူရှင်များအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် သွေးလှူရှင်အသင်းသို့ လှူဒါန်းငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူးသည် ခန်းမအတွင်း သွေးလှူဒါန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၉-၆-၂၀၁၀ (စနေနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "အနှိုင်းမဲ့မိဿ"တရားတော် (ဆရာတော်အရှင်ဆန္ဒာဓိက)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ မြန်မာမှု၊ မြန်မာ့ဟန်နဲ့ မြန်မာ့အလှ
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၂၁)**
- ၈း၃၀ Activities In The City - Sony Expo 2010 Press Conference - တောင်ဒဂုံပိဋကသုံးပုံ နိကာယ်စာသင်တိုက်မှ ရွှေရတုကုသိုလ်ဖြစ်ပညာဒါနဖွင့်ပွဲ
- ၈း၅၀ အင်အားအပြည့်နှင့် ရှင်သန်လျက်ရှိသော
- ၉း၁၀ စိမ်းစိမ်းစိုစိုဆေးဖက်ဝင်လှသကို
- ၉း၃၅ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀း၃၀ နှစ်ခြိုက်စွာအိပ်ပျော်စေမှာ Lavender
- ၁၀း၄၀ သနပ်ခါးနှင့် ထပ်တူ. . .
- ၁၀း၅၀ သွားမယ်စားမယ် (ORZO Buon Appetito)
- ၁၁း၁၅ ရှေးမူမပျက် ထိန်းသိမ်းဖို့ရာ မြန်မာရွှေချည်ထိုးပညာ
- ၁၁း၂၅ ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်
- ၁၁း၃၀ ရန်ကုန်မြင်ကွင်းကျယ် (Feel 3 Gold ဆိုင်သစ်ပြောင်းလဲဖွင့်လှစ်ခြင်းအခမ်းအနား)
- ၁၁း၅၅ လှေကားသုံးထစ်ဆင်းတဲ့အခါ (မင်းသူ၊ အရိုင်း၊ အေးသီတာ) [ ဒါရိုက်တာ-သိန်းဟန်(ဖိုးနစ်)]
- ၁၂း၀၅ Activities In The City - Sony Expo 2010 Press Conference - တောင်ဒဂုံပိဋကသုံးပုံ နိကာယ်စာသင်တိုက်မှ ရွှေရတုကုသိုလ်ဖြစ်ပညာဒါနဖွင့်ပွဲ
- ၁၂း၃၀ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၂) (ကလေးများနှင့် ကင်ဆာရောဂါ)
- ၁း၀၀ "အနှိုင်းမဲ့မိဿ"တရားတော် (ဆရာတော်အရှင်ဆန္ဒာဓိက)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Fashion Music Festival (Rock Beach)
- ၃း၀၅ စိမ်းစိမ်းစိုစိုဆေးဖက်ဝင်လှသကို
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၂၁)**
- ၄း၂၀ အင်အားအပြည့်နှင့် ရှင်သန်လျက်ရှိသော
- ၄း၄၅ ဂျူချအိုင်ဒီယာ၏သမိုင်းကြောင်း
- ၅း၀၅ သင့်မိသားစုကျန်းမာရေး ဂလိုဘယ်(လ်)ပဲဆီသန့် ဦးစားပေး
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ သွားမယ်စားမယ် (ORZO Buon Appetito)
- ၆း၄၀ ရန်ကုန်မြင်ကွင်းကျယ် (Silk-n-Shine Gold Coin Lucky Draw)
- ၇း၀၀ Fashion Music Festival (Rock Beach)
- ၇း၂၅ ဖန်တီးသူနှင့်အနုပညာ (ချမ်းချမ်း)(အပိုင်း-၁)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၉း၁၅ မြန်မာမှု၊ မြန်မာ့ဟန်နဲ့ မြန်မာ့အလှ
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၂၁)**
- ၁၀း၀၀ မျှော်လင့်ခြင်းခရီးစဉ်. . . ဖြစ်ရပ်မှန်(၂) (ကလေးများနှင့် ကင်ဆာရောဂါ)
- ၁၀း၂၅ Sports World
- ၁၀း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Feel 3 Gold ဆိုင်သစ်ပြောင်းလဲဖွင့်လှစ်ခြင်းအခမ်းအနား)
- ၁၁း၀၅ Road to Highest Competition (England)
- ၁၁း၂၅ ဖန်တီးသူနှင့်အနုပညာ (ချမ်းချမ်း)(အပိုင်း-၁)
- ၁၁း၅၅ ကဏ္ဍစုံလင်အားကစား အစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# (၂၅၈)ကြိမ်မြောက် အောင်ဘာလေသိန်းဆု ဖွင့်ပွဲ၌ ဆုမဲပေါင်း ၁၄၀၆၉ ဆု ဖွင့်လှစ်ပေးမည်

**ရန်ကုန် ဇွန် ၁၈**

(၂၅၈)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ဖွင့်ပွဲခန်းမဆောင်၌ ဇူလိုင် ၁ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

**ဆုမဲပေါင်း**

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ် သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ် သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း၂၀၀ ငါးဆု၊ ငွေကျပ် သိန်း ၁၀၀၊ ၁၃ ဆု၊ ငွေကျပ် ၁၀ သိန်း ၂၈၆ ဆု၊ ငွေကျပ် ငါးသိန်း သုံးဆု၊ ငွေကျပ် သုံးသိန်း ၁၄၄ ဆု၊ ငွေကျပ် နှစ်သိန်း ၁၂၆၀ ဆုနှင့် ငွေကျပ် တစ်သိန်း ၁၂၃၅၄ ဆု အပါအဝင် ဆုမဲပေါင်း ၁၄၀၆၉ ဆု ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဝန်ကြီး ဦးစိုးသိန်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်အားပေး

နေပြည်တော် ဇွန် ၁၈

**အမှတ်(၂)စက်မှုဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၏ ပထမအကြိမ်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနရုံး၌ ကျင်းပရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး ဝန်ကြီးက စံကားဖြူပင်ကို စိုက်ပျိုးပေးသည်။**

ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက သစ်ပင်များကို စိုက်ပျိုးပေးကြပြီး ဝန်ထမ်းများက ရုံးပတ်ဝန်းကျင်ရှိ သတ်မှတ်နေရာများ၌ စွယ်တော်၊ စိန်တစ်လုံးသရက်၊ ကျွန်း၊ ပိတောက်၊ ငုရွှေဝါ၊ ခရေ၊ စိန်ပန်းပု၊ နွယ်သာကီ၊ မဲဇလီနှင့် မဟော်ဂနီ စသည့် ပျိုးပင်မျိုးစုံအပင် ၁၈၅၀ ကို စိုက်ပျိုးကြရာ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## လက်ခံတွေ့ဆုံ

**ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်တို့ ဇွန် ၂ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး H.E. Mr. Cho Byungjae နှင့် စီးပွားရေးသံမှူး Mr. Roh Inho တို့အား အသင်းချုပ်ရုံး၌ လက်ခံတွေ့ဆုံစဉ်။** (ကြေးမုံ)



# သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ် ခွင့်ပြုကာလ တစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်းမရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအား စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံပြုလုပ်ပြင်ဆင်နည်းသင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် ဇွန် ၁၈**

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Bakery & Pastry Course (နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်းသင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို ဇွန်လနောက်ဆုံးပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည် ဖြစ်သည်။

Institute of Hospitality (UK) နှင့် Institute of AH & LA (USA) မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် အထောက်အကူပြုပစ္စည်း အစုံအလင်ဖြင့် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် လိုအပ်သော အကူအညီများ အခမဲ့ ကူညီပေးသွားမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် ဇွန်လနောက်ဆုံးပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**ဇွန် ၁၂ ရက်က တနင်္သာရီတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ၂၀၁၀ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို မြိတ်မြို့ အထက(၁) ပညာဗိမာန်ခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။** (တိုင်းပြန်/ဆက်)



# မုတ်သုံလေ အားကောင်းနိုင်

နေပြည်တော် ဇွန် ၁၈

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော၂၄ နာရီအတွင်းက ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းတွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သံတွဲမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ ဖျာပုံမြို့တွင် ၄ ဒသမ ၀၆ လက်မ၊ မြိတ်မြို့တွင် ၃ ဒသမ ၄၇ လက်မ၊ လောင်းလုံမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၆၀ လက်မနှင့် ပေါင်မြို့တွင် ၂ ဒသမ ၃၆ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**ဇွန် ၁၉ ရက် ညနေထိခန့်မှန်းချက်။** ။ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မုတ်သုံလေအားကောင်းနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**၂၀၁၀ ခုနှစ် ဇွန်လ စတုတ္ထရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။**လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာအနှံ့အပြား၊ နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

အမြင့်ဆုံးအပူချိန် (၃၂ ဒသမ ၇ ဒီဂရီစင်တီဂရိတ်)၉၀ ဒီဂရီဖာရင်ဟိုက် ၁၇-၆-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၅ ဒသမ၆ ဒီဂရီစင်တီဂရိတ်)၇၈ ဒီဂရီဖာရင်ဟိုက် ၁၈-၆-၂၀၁၀
၉း၃၀ နာရီအချိန်စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း ၁၈-၆-၂၀၁၀
နေပူသည့်နာရီပေါင်း ၂ ဒသမ ၂ နာရီခန့် ၁၇-၆-၂၀၁၀

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၁၈-၆-၂၀၁၀ | ၁၆မမ<br>(၀ ဒသမ ၆၃ လက်မ) | ၀၈မမ<br>(၀ ဒသမ ၇၁လက်မ) | ၂၀မမ<br>(၀ ဒသမ ၈၃လက်မ) |
| ၁-၁-၂၀၁၀ မှ ယနေ့အထိ | ၆၃၈ မမ<br>(၂၅ ဒသမ၁၂လက်မ) | ၇၀၂မမ<br>(၂၇ဒသမ၆၄လက်မ) | ၇၀၆မမ<br>(၂၇ ဒသမ ၈၀လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၇-၆-၂၀၁၀ ရက် ၉း၃၀ နာရီ အချိန်တွင် အရှေ့တောင်ဘက်မှ တစ်နာရီ ငါးမိုင်နှုန်း တိုက်ခတ်သည်။

# တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တပ်မတော် ( ကြည်း၊ ရေ၊ လေ) စားပွဲတင်တင်းနစ်ပြိုင်ပွဲဝင်မည့် အားကစားသမားများအား တွေ့ဆုံ

ရန်ကုန် ဇွန် ၁၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) စားပွဲတင်တင်းနစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စားပွဲတင်တင်းနစ် အားကစားသမားများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ အသင်းအုပ်ချုပ်သူနှင့် နည်းပြများ၊ အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၈

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းများသို့ လှည့်လည်၍ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တို့၌ သင်ကြားသင်ယူနေမှုများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် အတန်းမှူးများက ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေးပြီး အားပေးစကားပြောကြားကာ ကျောင်းသား၊ ကျောင်းသူများအား ယဉ်ကျေးလိမ္မာသည့် ထူးချွန်ထက်မြက်သူများဖြစ်အောင် ကြိုးစားသင်ယူကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# တန်းမြင့် မြေတိုင်းနှင့် လုပ်ငန်းခွင် မြေတိုင်း သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်း သင်တန်းအမှတ်စဉ် (၃၀)နှင့် တန်းမြင့်မြေတိုင်းသင်တန်း အမှတ်စဉ်(၁၃) ဆင်းပွဲအခမ်းအနားကို ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့ရှိ ဗဟိုမြေစာရင်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန် တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရ သင်တန်းသားများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသန်းက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၅၅ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အိုလံပစ်နေ့ အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲနှင့် ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၈

၂၀၁၀ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲကို ယနေ့ညနေပိုင်းက ကျိုက္ကဆံ အမှတ်(၅)ဂိတ်ရှိ မြားပစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ တက္ကသိုလ်များ မြားပစ်ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာလွင်လွင်စိုး (တာဝန်ခံပါမောက္ခချုပ် ရန်ကုန်ပညာရေးတက္ကသိုလ်)၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာပြေသိန်း (ဒုတိယပါမောက္ခချုပ် ရန်ကုန်ပညာရေးတက္ကသိုလ်)နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး အား/ကာ)နှင့် အမှုဆောင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် လူသစ်တန်း Recurve ပြိုင်ပွဲ၊ Compound ပြိုင်ပွဲ၊ အလွတ်တန်း Recurve ပြိုင်ပွဲနှင့် Compound ပြိုင်ပွဲတို့ထည့်သွင်းကျင်းပခဲ့ပြီး ပြိုင်ပွဲဝင် အားကစားသမား ၄၆ ဦးပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ တက္ကသိုလ်များ မြားပစ် ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာ လွင်လွင်စိုး(တာဝန်ခံပါမောက္ခချုပ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်)က လူသစ်တန်း အမျိုးသမီး Recurve ပြိုင်ပွဲ ဆုရရှိသူများကို လည်းကောင်း၊ တက္ကသိုလ်များ မြားပစ်ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ပြေသိန်း (ဒုတိယပါမောက္ခချုပ် ပညာရေးတက္ကသိုလ်)ကလူသစ်တန်း Recurve အမျိုးသားပြိုင်ပွဲ ဆုရရှိသူများကို လည်းကောင်း အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်သည်။



**အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အကောင်းဆုံး အမျိုးသားအားကစားသမားဆုရ ရဲမင်းဆွေအား ဆုချီးမြှင့်စဉ်။**

(မြားပစ်အဖွဲ့ချုပ်)

**အမျိုးသမီးပြိုင်ပွဲ**

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီး Compound ပြိုင်ပွဲ ဆုရရှိသူများအား အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်ပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဝင်း (ကျောင်းအုပ်ကြီး အား/ကာ သိပ္ပံ-ရန်ကုန်)နှင့် တာဝန်ရှိပုဂ္ဂိုလ်များက လူသစ်တန်း Compound ပြိုင်ပွဲ အလွတ်တန်း Recurve ပြိုင်ပွဲနှင့် Compound ပြိုင်ပွဲဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ထို့နောက် အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အတိုးတက်ဆုံး အားကစားသမားဆု ရရှိကြသော အမျိုးသား ဇော်မင်းထွန်းနှင့် အမျိုးသမီးနွေးအိအိမြင့်တို့အား ဆုတံဆိပ်နှင့် ငွေသားများ ချီးမြှင့်သည်။ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အကောင်းဆုံး အားကစားသမားဆုရရှိသော အမျိုးသား ရဲမင်းဆွေနှင့် အမျိုးသမီး အောင်ငှိမ်းတို့အား ဆုတံဆိပ်နှင့် ငွေသားများ ပေးအပ်ချီးမြှင့်သည်။

(ကြေးမုံ)

# ၂၀၁၀ခုနှစ် ပြည်နယ်နှင့် တိုင်းအဆင့် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးနည်းစနစ် နည်းပြသင်တန်း ဖွင့်လှစ်

နေပြည်တော် ဇွန် ၁၈

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော ၂၀၁၀ခုနှစ် ပြည်နယ်နှင့်တိုင်းအဆင့် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေး နည်းစနစ် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၉ နာရီတွင် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) အားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် နာယကအဖွဲ့ဝင်များ၊ ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီနှင့် အမှုဆောင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

**အမှာစကားပြော**

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၁၄ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ ပြည်နယ်နှင့်တိုင်း အခြေခံပညာဦးစီးဌာနများမှ သင်တန်းသူ ၆၈ ဦးနှင့် လေ့လာသူနှစ်ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့ပြလမ်းလုပ်ငန်းဖြစ်သော အမှတ်(၇)ရပ်ကွက် သင်္ဂဟလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇွန် ၁၅ ရက်က အမှုဆောင်အရာရှိ ဦးအောင်ခိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန့်ဇင်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)





**ရေမြောင်းဆယ်**

**ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ မိုးရာသီ မြို့တွင်းရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဇွန် ၄ ရက်က ရေမြောင်းဆယ်ခြင်းလုပ်ငန်း ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးသောင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



# တရားသူကြီးချုပ် ဦးအောင်တိုး

## သာယာဝတီခရိုင်အတွင်းရှိ တရားရေးအရာရှိများနှင့်တွေ့ဆုံ

**ရန်ကုန် ဇွန် ၁၈**

တရားသူကြီးချုပ် ဦးအောင်တိုးသည် သာယာဝတီခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများမှ တရားရေးအရာရှိများအား တရားစီရင်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ မှာကြားသည့် အခမ်းအနားကို ဇွန် ၇ ရက် မွန်းလွဲ ၁ နာရီတွင် သာယာဝတီမြို့ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး အမှတ်(၉)ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် ဦးမြသိန်း၊ ပဲခူးနှင့် ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်းတရားသူကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တရားသူကြီးချုပ်က ကျင့်ဝတ်သိက္ခာကို ထိန်းသိမ်း၍ အဂတိလိုက်စားမှုကင်းရှင်းရန် လိုအပ်ကြောင်း၊ မှုခင်းများအား ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းကို ပြည်သူလူထုသိရှိနားလည်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပြည်သူများ ယုံကြည်အားထားရသည့် တရားရုံးများဖြစ်စေရေးအတွက် အလေးအနက်ထား ဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားသည်ဟု သတင်းရရှိသည်။ (သတင်းစဉ်)

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ရွှေဂုံတိုင်တာဝါ၊ အခန်း(၃၀၅)၊ တိုက်(အေ)တွင် ပါတီရုံးချုပ် တည်ရှိသော **မြန်မာဒီမိုကရေစီကွန်ဂရက် (Myanmar Democracy Congress)** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၈-၆-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မြန်မာဒီမိုကရေစီကွန်ဂရက် (Myanmar Democracy Congress)၏ အလံပုံစံ**



**မြန်မာဒီမိုကရေစီကွန်ဂရက် (Myanmar Democracy Congress)၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မိုးရာသီ အထူးဈေးရောင်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် ဇွန် ၁၈**

Concordia International Co., Ltd. နှင့် Fortune International Limited တို့ ပူးပေါင်းကျင်းပသည့် မိုးရာသီအထူးဈေးရောင်းပွဲတော်ကို ဇွန် ၁၆ ရက်မှ ဇွန် ၁၉ ရက် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း ပန်းဘဲတန်းမြို့နယ်ရှိ Central Hotel ၌ ကျင်းပလျက်ရှိသည်။**(အောက်ယာပုံ)**

**ခင်းကျင်းပြသ**

ဈေးရောင်းပွဲတော်တွင် Concordia International Co., Ltd. မှ Fuji Xerox အမှတ်တံဆိပ် ရုံးလုပ်ငန်းသုံး ကာလာလေဆာ Copier၊ Printer၊ Scanner၊ Fax များ၊ AO Size Plotter များ၊ ကျန်းမာရေး အထောက်အကူပြု ဆေးရုံလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ သွေးချိုတိုင်းကိရိယာ၊ သွေးပေါင်ချိန်တိုင်းစက်များ၊ Oxygen Concentrator၊ Patient Monitor များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး မြေတိုင်းပစ္စည်းများဖြစ်သော Topcon အမှတ်တံဆိပ် RTK နည်းပညာသုံး Differential GPS များ၊ Total Station များ၊ Digital Theodolite များ၊ Auto Level များ၊ Garmin အမှတ်တံဆိပ် ကုန်းကြောင်း၊ လေကြောင်း၊ ရေကြောင်းသုံး GPS များ၊ Ohaus အမှတ်တံဆိပ် ဒစ်ဂျစ်တယ်ချိန်ခွင်များ၊ ELE အမှတ်တံဆိပ် မြေကြီးနှင့် Concrete အရည်အသွေး စမ်းသပ်သည့်စက်များနှင့် Fortune International Co., Ltd. မှ Korea နိုင်ငံလုပ် SIGMA အမှတ်တံဆိပ်ဓာတ်လှေကား၊ စက်လှေကားများ၊ ဆေးနှင့် ဆေးပစ္စည်းဖြစ်သော အသည်းဆေး၊ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး၊ (Livovax- B)၊ Cycloferon နှင့် Reamberin၊ Albumin၊ တယ်လီဖုန်းလိုင်းခွဲ အိပ်ချိန်းများ၊ လက်ကိုင်ဖုန်းများ၊ GSM Access Kit များ၊ မွေးမြူရေးဆေးဝါးနှင့် အစားအစာများ၊ ပိုးသတ်ဆေးများနှင့် မြန်မာဘာသာဖြင့် အသုံးပြုနိုင်သည့် ရေလုပ်ငန်းသုံး ကိုရီးယားနိုင်ငံမှ Samyung Navigation & Communication ပစ္စည်းများကို ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)



# ကျောင်းအပ်နှံရေးနေ့အခမ်းအနား ဂန့်ဂေါတွင် ကျင်းပ

**ဂန့်ဂေါ ဇွန် ၁၈**

၂၀၁၀-၂၀၁၁ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ မြို့နယ်အဆင့်အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီတွင် ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက် မူလတန်းလွန်ကျောင်း၌ ကျင်းပရာ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လှိုင်နှင့် မြို့နယ် ပညာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင်တို့က အမှာစကားပြောကြားကြသည်။

အခမ်းအနားတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင်များက ဆင်းရဲနွမ်းပါးသော ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေ ကျပ်သုံးသိန်းကျော်ကို လက်ထောက် မြို့နယ်ပညာရေးမှူး ဦးရဲမောင်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် အဆိုပါမူလတန်းလွန်ကျောင်းအပါအဝင် မြို့ပေါ်စာသင်ကျောင်းများ၌ ကျောင်းအပ်နှံလက်ခံမှုများကို ကြည့်ရှုအားပေးသည်။

(ခရိုင်ပြန်/ဆက်)

# သွေးလွန်တုပ်ကွေးကာကွယ်ရေး

**ဇွန် ၈ ရက်က ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများပူးပေါင်း၍ မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခရမ်းမြို့ အမှတ်(၃) ရပ်ကွက်၌ ခြင်ဆေးဖျန်းစက်များဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသောင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



# မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုခံခဲ့ရသည့် ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ရခိုင်ပြည်နယ် ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့က ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရေး ထိထိရောက်ရောက်စီမံဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၈**

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများ တိုက်ခတ်မှုကြောင့် သဘာဝဘေးကျရောက်မှုများ၊ ပျက်စီးဆုံးရှုံးမှုများ၊ သေကျေပျက်စီးဒဏ်ရာရရှိမှုများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ဇွန် ၁၈ ရက်ထုတ် သတင်းစာများ၌ အကျယ်တဝင့် ဖော်ပြခဲ့ပြီးဖြစ်သည်။

**ရေများပြန်ကျဆင်း**

အဆိုပါ ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ နောက်ဆက်တွဲသတင်းများအရ စစ်တွေ-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်း၊ ဘူးသီးတောင်-မောင်တောသွားကားလမ်းနှင့် ရန်ကုန်-စစ်တွေကားလမ်းတို့အား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်အောင် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သည့်အတွက် မောင်တောမြို့မှ ရေဘေးဒုက္ခသည်များသည် ယင်းတို့၏ နေအိမ်အသီးသီးသို့ ပြန်လည်ရောက်ရှိကြပြီဖြစ်ကြောင်း သိရှိရသည်။

**ယာယီနေရာချထား**

ထို့ပြင် မြောက်ဦးမြို့တွင် ဇွန် ၁၅ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် လက်အောက်ဈေး ရပ်ကွက်၊ ဆင်ချဆိပ်ရွာမရှိ အိမ်ခြေ ၂၇ လုံး ရေအမြင့် သုံးပေခန့်အထိ နစ်မြုပ်ခဲ့ရာ ရေဘေးဒုက္ခသည် ၁၅၂ ဦးတို့အား ဆင်ချဆိပ်ရွာမရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်းတွင် လည်းကောင်း၊ ဆင်ချဆိပ် ရွာသစ်ရပ်ရှိ အိမ်ခြေ ၇၅ လုံး ရေအမြင့် သုံးပေခန့်အထိ နစ်မြုပ်ခဲ့ရာ ရေဘေးဒုက္ခသည် ၃၈၁ ဦးတို့အား အခြား အခြေခံပညာကျောင်းများတွင် လည်းကောင်း ရွှေ့ပြောင်း၍ ယာယီနေရာချထားပေးခဲ့ကြောင်း၊ ဒေသအာဏာပိုင်နှင့် ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများ ပူးပေါင်း၍ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်း၊ ထမင်းထုပ်များဝေငှခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

နောက်ဆုံးရရှိသည့် သတင်းများအရ ယခုကဲ့သို့ ရခိုင်ပြည်နယ်အတွင်း မြို့နယ်အချို့၌ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများ တိုက်ခတ်ခဲ့သည့်အတွက် တောင်မြေပြိုခြင်း၊ ရေကြီးနစ်မြုပ်ခြင်း၊ တောင်ကျရေစီးခြင်း၊ ဒီရေတက်ခြင်းတို့ကြောင့် သေဆုံးသူ စုစုပေါင်းမှာ အမျိုးသား ၃၅ ဦး၊ အမျိုးသမီး ၂၈ ဦး စုစုပေါင်း ၆၃ ဦး ဖြစ်ကြောင်း သိရှိရသည်။

**သာလွန်ကောင်းမွန်ရေး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းပါဝင်သည့် ရခိုင်ပြည်နယ် ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့ကလည်း သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရာ ဒေသများ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရေးအတွက် ထိထိရောက်ရောက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် ဇွန် ၁၈**

ယနေ့နံနက် ၉ နာရီ ၅၁ မိနစ် ၅၂ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်ဘက် မိုင် ၁၈၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(ဘင်္ဂလားပင်လယ်အော်)နေရာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ဥတုရာသီ တောကိုမှီ၏

# မြန်မာအမျိုးသမီးများနေ့အကြို စာအုပ်စာစောင်၊ ဓာတ်ပုံပြပွဲ ပြည်မြို့၌ ကျင်းပ

**ပြည် ဇွန် ၁၈**

၂၀၁၀ ခုနှစ် မြန်မာအမျိုးသမီးများနေ့အကြို စာအုပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ခရိုင်ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့် အဖွဲ့ဝင်များ၊ ပြန်/ဆက် ဦးစီးဌာန ဝန်ထမ်းများ စုစုပေါင်း ၇၀ ကျော် တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ပြန်/ဆက်ဦးစီးဌာန၏ နယ်မြေကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ စံ(၅)ရပ်ညီ စာကြည့်တိုက် မှတ်တမ်းဓာတ်ပုံများ၊ စာအုပ်စာစောင်များအား ကြည့်ရှုကြကြောင်းသိရသည်။ (မြို့နယ်ပြန်/ဆက်)

ISO 9001:2008 နှင့် GMP

လက်ထပ်ပြီးစီးခြင်း

M & E သင်တန်း
Auto CAD, SolidWorks ,3ds MAX
City Mart
Ph - 09 5028002

ဆိုင်ခန်းရောင်းမည်
ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ အရှေ့ဘက်တန်း(မြေညီထပ်)မှဆိုင်ခန်း(၂)ခန်း ရောင်းရန်ရှိပါသည်။
**စုံစမ်းရန်(ရုံးချိန်) ဖုန်း- (၀၁)၂၄၂၆၇၁၊ ၂၅၀၆၀၂**

အောင်သပြေ

ဆီတင်ယာဉ်အငှားလိုက်ပါသည်
၁၆၀၀ ဂါလန်/ ၂၄၀၀ ဂါလန်/ ၂၈၀၀ ဂါလန်/ ၃၂၀၀ ဂါလန်ဆံ့ ဆီတင်ယာဉ်များ ရန်ကုန်မြို့တွင်း မြို့ပြင် အငှားလိုက်ပါသည်။
**ဆက်သွယ်ရန်- ဦးကျော်ဝင်း**
**ဖုန်း-၀၁-၅၄၇၄၃၂**
**email- Sabaemin @ gmail.com**

## နယ်သာလန်အတွက် ဒုတိယမြောက်နိုင်ပွဲဖြစ်လာဦးမည်လား အမှတ်ရရေး ခြေကုန်ထုတ်ရဦးမည့် ကင်မရွန်းနှင့် ဒိန်းမတ်

**၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(E)နဲ့ အုပ်စု( D)ဒုတိယပွဲစဉ်တွေကို ယနေ့ညမှာ ဆက်လက် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ ဂါနာနဲ့ ဩစတြေးလျ၊ ကင်မရွန်းနဲ့ ဒိန်းမတ်တို့ အမှတ်ရရေး ခြေကုန်ထုတ်ကစားလာမှာဖြစ်ပြီး နယ်သာလန်အတွက်တော့ ဒုတိယမြောက်နိုင်ပွဲ ဖြစ်လာမှာလားဆိုတာ စောင့်ကြည့်ရမှာပါ။**

**နယ်သာလန်-ဂျပန်**
**၁၉-၆-၂၀၁၀(စနေနေ့)**
**ညနေ ၆ နာရီ**

နယ်သာလန်အသင်းဟာ ပထမပွဲစဉ်မှာ ဗန်ပါစီ၊ ဒရက်ကောက်၊ ဗန်ဒါဗက်၊ ဗန်ဘွန်မဲလ်၊ ရှနိုက်ဒါ၊ ဒီဂျုန်းတို့ရဲ့စုဖွဲ့မှုအားနဲ့ ဒိန်းမတ်အသင်းကို နှစ်ဂိုးပြတ်နဲ့ နိုင်ထားပါတယ်။ ဒါကြောင့် နယ်သာလန်အသင်းဟာ ဒီပွဲကို အနိုင်ရရင်အုပ်စုတက်ဖို့ရှိနေတာကြောင့် လူစုံထုတ်ပွဲထွက်လာဦးမှာပါ။ ဂျပန်အသင်းကလည်း ပထမပွဲစဉ်မှာ ကင်မရွန်းကိုနိုင်ပြီး သုံးမှတ်ရထားတာကြောင့် ဒီပွဲမှာ အမှတ် ထပ်မံရရှိရေး ကြိုးစားလာဦးမှာပါ။ ဒါပေမယ့် ခြေစွမ်းပိုင်းမှာ နယ်သာလန်အသင်းက အသာစီးမှာ ရှိနေတာကြောင့် နယ်သာလန်အတွက် ဒုတိယမြောက်နိုင်ပွဲဖြစ်လာဖို့ ရာနှုန်းများနေပါတယ်။



**ဂါနာ-ဩစတြေးလျ**
**၁၉-၆-၂၀၁၀(စနေနေ့)**
**ည ၈း၃၀နာရီ**

ပထမပွဲစဉ်မှာ ဂါနာက ဆာဘီးယားကိုနိုင်ပြီး သုံးမှတ်ရထားပေမယ့် ဩစတြေးလျကတော့ ဂျာမနီကို ဂိုးပြတ်နဲ့ အရှုံးပေးထားရပါတယ်။ ဩစတြေးလျအတွက် မဖြစ်မနေ နိုင်ပွဲရှာဖို့လိုအပ်သလို ဂါနာကလည်း ဒီပွဲနိုင်ရင် အုပ်စုကိုကျော်ဖြတ်နိုင်တော့မှာ ဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပွဲ ဖြစ်လာဦးမှာပါ။

**ကင်မရွန်း-ဒိန်းမတ်**
**၂၀-၆-၂၀၁၀(တနင်္ဂနွေနေ့)**
**နံနက် ၁ နာရီ**

ပထမပွဲစဉ်မှာ နှစ်သင်းလုံးရှုံးပွဲကြုံထားတာကြောင့် ဒီပွဲမှာအမှတ်ရရေးခြေကုန်ထုတ် ရုန်းကန်လာမှာပါ။ ကင်မရွန်းအသင်းမှာ အီတူး၊ ဆောင်း၊ မာကွန်း၊ ဘတ်စ်ဆောင်းတို့လို ကစားသမားကောင်းတွေရှိနေသလို ဒိန်းမတ်အသင်းမှာ တိုမက်ဆင်၊ ဘန်တနာ၊ ဂရွန်ဂျာနဲ့ အဂ္ဂါတို့ ရှိနေတာကြောင့် ခြေညီတဲ့နှစ်သင်းလို့ ဆိုရမှာပါ။ ဒါကြောင့် ဒီပွဲဟာ သရေကျဖို့ရာနှုန်းများနေပြီး အနိုင်ရလဒ်ကို ပုံဖော်နိုင်တဲ့အသင်းက အုပ်စုတက်ရေး မျှော်လင့်ချက် ရှင်သန်နေဦးမှာပါ။



**ဆာဘီးယားအသင်းမှ ဂျိုဗန်နိုဗစ် ဂိုးသွင်းယူစဉ်။**

**❖ ကျောဖုံးမှ**

ခြေစွမ်းပိုင်းမှာ သိသိသာသာ အသာစီးရယူနိုင်ခြင်းမရှိဘဲ ဆာဘီးယားအသင်းရဲ့တိုက်စစ်ကို ပြန်လည်ခုခံကာကွယ်နေခဲ့ရပါတယ်။ ဒါကြောင့် ပွဲချိန် ၃၈ မိနစ်အရောက်မှာ ဆာဘီးယားအသင်းက ကွင်းလယ်ကစားသမား ဂျိုဗန်နိုဗစ်ရဲ့ ဦးဆောင်ဂိုးသွင်းယူခြင်းကို ခံခဲ့ရပါတယ်။ ဒုတိယပိုင်းပွဲချိန် မိနစ် ၆၀ မှာ ဆာဘီးယားနောက်ခံလူ ဗီဒစ် လက်နဲ့ထိလို့ ဂျာမနီအသင်း ပယ်နယ်တီကန်သွင်းခွင့်ရခဲ့ပါတယ်။ ဒါပေမယ့် ဂျာမနီအသင်းက ပိုဒေါစကီးရဲ့ ပယ်နယ်တီကန်သွင်းမှုကို ဆာဘီးယားဂိုးသမား စတိုကိုဗစ် ပုတ်ထုတ်ကာကွယ်နိုင်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဂျာမနီအသင်းဟာ ချေပဂိုးရရှိရေးအတွက် ဂိုမက်ဇ်ကို ထည့်သွင်းကစားစေခဲ့ပေမယ့် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ဆာဘီးယားအသင်းကို အရှုံးပေးလိုက်ရပါတယ်။

**ဆလိုဗေးနီးယား ၂-၂ အမေရိကန်**

ယနေ့ညရဲ့ ဒုတိယပွဲစဉ်အဖြစ် ဆလိုဗေးနီးယားအသင်းနဲ့ အမေရိကန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပါတယ်။ ဆလိုဗေးနီးယားအတွက် ဂိုးများကို ပွဲချိန် ၁၃ မိနစ်မှာ ဘရီဆာ၊ ၄၂ မိနစ်မှာ လမ်ဘီဂျန်ကစ်နဲ့ အမေရိကန်အတွက် ဂိုးများကို ပွဲချိန် ၄၈ မိနစ်မှာ ဒိုနိုဗန်၊ ၈၂ မိနစ်မှာ ဘရက်လေတို့က သွင်းယူခဲ့ပါတယ်။

**ပြင်သစ် ၀ - ၂ မက္ကဆီကို**

သောကြာနေ့ နံနက်ပိုင်းက ပြင်သစ်အသင်းနဲ့ မက္ကဆီကိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မက္ကဆီကိုအသင်းက ပွဲချိန် ၆၄ မိနစ်မှာ ဟာနန်ဒက်ဇ်နဲ့ ပွဲချိန် ၇၉ မိနစ်မှာ ဘလန်ကို (ပယ်နယ်တီ)တို့ သွင်းတဲ့ဂိုးတွေနဲ့ ပြင်သစ်အသင်းကို အနိုင်ရရှိခဲ့ပါတယ်။ ဒါကြောင့် နှစ်ပွဲကစား လေးမှတ်ရရှိထားတဲ့ မက္ကဆီကိုအသင်းဟာ အုပ်စုကျော်ဖြတ်နိုင်ဖို့ အခြေအနေကောင်းသွားပြီလို့ ဆိုရမှာပါ။

**ဝင်းတင်**
**(ကြေးမုံ)**




**❀ တောင်အာဖရိကမှ**

တောင်အာဖရိကနိုင်ငံရှိ အရှေ့ပိုင်းကိပ်ပြည်နယ် အယ်လ်ဂိုယာပင်လယ်အော်ဒေသ၌ လွန်ခဲ့သည့် နှစ်ရက်အတွင်း အအေးလှိုင်းကျရောက်ကာ စွတ်စိုသော ဥတုဖြစ်ပေါ်ခဲ့ရာ အာဖရိကရေခဲငှက်ကောင်ရေ ၆၀၀ ခန့် သေကျေပျက်စီးခဲ့ရကြောင်း အမျိုးသားဥယျာဉ်များဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရေခဲငှက်တို့ ပျော်စံရာ စိန့်ခရိုးယစ်ကျွန်းတွင် ပင်လယ်ရေခဲငှက်အကောင်ငယ်လေးများ ရာသီဥတုဒဏ်ကြောင့် သေဆုံးခဲ့ရသည်။ သေဆုံးသော ရေခဲငှက်များမှာ လွန်ခဲ့သည့် ရက်သတ္တပတ်အနည်းငယ်က သားပေါက်ခဲ့သည့် ရေခဲငှက်များနှင့် နှစ်လသားအရွယ် ရေခဲငှက်များဖြစ်သည်ဆို၏။

တောင်အာဖရိကနိုင်ငံ အယ်လစ်ဇဘက် ပင်လယ်ဆိပ်ကမ်းမြို့အနီးရှိ စိန့်ခရိုးယစ်ကျွန်းပေါ်တွင် သားပေါက်နေသည့် ရေခဲငှက်စုံတွဲ ၃၀၀ ခန့် ကျက်စားကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တောင်အာဖရိကနိုင်ငံတွင် ရာစုနှစ် ထက်ဝက်တာကာလအတွင်း ရေခဲငှက်ကောင်ရေ ၈၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားခဲ့သည်ဟု ကျွမ်းကျင်သူပညာရှင်များက ပြောကြားသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကျင်းပလျက်ရှိသော တောင်အာဖရိကမြို့ကြီးအချို့၌ ယခုရက်သတ္တပတ်အတွင်း အအေးလှိုင်းဖြတ်သန်းခဲ့သည်။

ဂျိုဟန်နက်စဘတ်မြို့တွင် ဇွန် ၁၅ ရက်ညက အနုတ် ၂ ဒီဂရီ ဆဲလ်စီးယပ်စ်၊ နိုင်ငံအလယ်ပိုင်းရှိ ဘလိုယန်ဖွန်တိန်မြို့တွင် အနုတ် ၅ ဒီဂရီ ဆဲလ်စီးယပ်စ်အထိ အပူချိန်မှာ ကျဆင်းခဲ့သည်။

***အင်တာနက်။***

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

## နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၁၈**

နိုင်ငံရေးပါတီတည်ထောင်ခွင့်ရရှိပြီးသော ပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိကြရာ မြန်မာဒီမိုကရေစီကွန်ဂရက် (Myanmar Democracy Congress)က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ခုနှစ် ဇွန် ၁၈ ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ (၄၂)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၃၅)ပါတီအနက် ပါတီ(၃၃)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၁၉) ကြိမ် မြောက် ၂၀၁၀ က မ္ဘာ့ ဖ လား ဘော လုံး ပြိုင် ပွဲ မြင် ကွင်း

## ကစားသမား စုဖွဲ့မှုသာသည့် ဂျာမန်အသင်း ဆာဘီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံး

ဂျိုဟန်နက်စဘတ် ဇွန် ၁၈

**၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များရဲ့ အစောပိုင်းပွဲစဉ်အဖြစ် ဂျာမနီအသင်းနဲ့ ဆာဘီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆာဘီးယားအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားပါတယ်။**

ပထမပွဲစဉ်မှာ သုံးမှတ်ရထားတဲ့ ဂျာမနီအသင်းဟာ ဒီပွဲမှာလည်း အနိုင်သုံးမှတ်ရရှိရေးအတွက် ကလိုဆေး၊ ပိုဒေါစကီး၊ ရှဝိန်းစတိုင်ဂါ၊ အိုဇီ၊ မူလား၊ ဖိလစ်လမ်းတို့နဲ့ ပွဲထွက်လာကာ ဆာဘီးယားအသင်းမှာတော့ စတန်ကိုဗစ်၊ ဗီဒစ်၊ အီဗန်နိုဗစ်၊ ဂျိုဗန်နိုဗစ်၊ ဇီဂျစ်နဲ့ ကရာဆစ်တို့ ပါဝင်လာခဲ့ပါတယ်။ ဂျာမနီအသင်းဟာ ဆာဘီးယားအသင်းထက် ကစားသမားစုဖွဲ့မှုသာပေမယ့် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❖



**တောင်အာဖရိကနိုင်ငံ စိန့်ခရိုးယစ်ကျွန်းတွင် ကျက်စားသော ပင်လယ်ရေခဲငှက်များကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

အင်တာနက် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးသတင်း | ဘာသာပြန် တက်လူ

## တောင်အာဖရိကတွင် အအေးလှိုင်းကျရောက် ပင်လယ်ရေခဲငှက်များစွာ သေကျေပျက်စီး

**ဂျိုဟန်နက်စဘတ် ဇွန် ၁၈**

တောင်အာဖရိကနိုင်ငံတွင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ပထမရက်သတ္တပတ်ကာလအတွင်း အအေးလှိုင်းဖြတ်သန်းခဲ့ကြောင်း၊ ယင်းနိုင်ငံရှိ ကျွန်းတစ်ကျွန်းတွင် အအေးလှိုင်းကျရောက်ခဲ့မှုကြောင့် မျိုးသုဉ်းရန် အန္တရာယ်ရှိသော ပင်လယ်ရေခဲငှက် (Penguins) ကောင်ရေ ၆၀၀ ခန့်အထိ သေဆုံးရကြောင်း တောင်အာဖရိကအမျိုးသားဥယျာဉ်များဌာနက ပြောကြားသည်။ **စာမျက်နှာ ၁၁ ကော်လံ ၆ သို့** ❁